# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ


**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


- www.myawady.net.mm
- E-mail:mwddailynewspapergroup@gmail.com
- အတွဲ(၁၆)၊ အမှတ်(၁၅၀)
- ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ အင်္ဂါနေ့


# တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေသော အကြမ်းဖက်လုပ်ရပ်များကိုစက်ဆုပ်ရွံရှာခြင်း၊ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုခြင်း၊ အေးချမ်းစွာပညာသင်ကြားလိုခြင်း၊ နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံလာခြင်းတို့ကြောင့် PDF အမည်ခံအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေသော အကြမ်းဖက်လုပ်ရပ်များကိုစက်ဆုပ်ရွံရှာခြင်း၊ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လိုခြင်း၊ အေးချမ်းစွာပညာသင်ကြားလိုခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေပြဋ္ဌာန်း၍ လက်ကမ်းကြိုဆိုခဲ့မှုကြောင့် ဥပဒေ၏အရိပ်အောက်တွင် မိသားစုနှင့်အတူ ပေါင်းစည်းကာ လွတ်လပ်စွာနေထိုင်လုပ်ကိုင်လိုခြင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ရာတွင်လည်း လုံခြုံမှုရှိစွာဖြင့် ပြည်သူလူထုအတွင်း လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ရရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် PDF အမည်ခံအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

ထို့အပြင် တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက်

**စာမျက်နှာ ၁၅ ကော်လံ ၁ ➜**



ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ လက်နက်ကိုင် အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆို လက်ခံစဉ်။

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ (၃၀၀)၊ အနံ (၄၅)ပေခန့် တာကိုယ်ထည် တိုက်စားကာ ဆည်မြောင်းတာ အိပ်ကျမှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည် တိုက်စားမှု

**စာမျက်နှာ ၉ ကော်လံ ၂ ➤**

# ဟိုင်းကြီးကျွန်းမြို့၌ မိုးစပါးဧက ၄၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ငပုတော စက်တင်ဘာ ၁၄

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ စပါးဧက ၄၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းဝင်း၏ပြောပြချက်အရ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟိုင်းကြီးကျွန်းမြို့၌ မိုးစပါး ၄၇၀၇၆ ဧက စိုက်ပျိုးရန် လျာထားပြီး

**စာမျက်နှာ ၅ ကော်လံ ၃ ➡**



**ယနေ့ ဖတ်စရာ**


တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ — စာ - ၇ သို့

တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ — စာ - ၇ သို့

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲ — စာ - ၇ သို့

လူသားတို့ဘဝပြည့်စုံဖို့ ပျားများကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ — ဆောင်းပါး-စာ - ၁၂ သို့


## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ရောဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်

# ငြိမ်းချမ်းသောရင်ခွင်သို့ ဝင်ရောက်လာကြသူများ

မြတ်စွာဘုရားရှင်ဟောကြားတော်မူထားသည့် ၃၈ ဖြာမင်္ဂလာတရားတော်တွင် ပထမဆုံးအချက်မှာ "လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့်ကင်းအောင်နေ"ဟူသော ဆုံးမစကားဖြစ်သည်။ လူမိုက်ကို အပေါင်းအသင်းမလုပ်ကြနဲ့၊ ကင်းအောင်နေကြဟူ၍ ဆုံးမတော်မူခြင်းဖြစ်ရာ ယနေ့လမ်းမှားသို့ရောက်ရှိသွားကြသော လူငယ်မောင်မယ်တို့သည် လူမိုက်ကိုပေါင်းသင်းမိ၍ အမှားကိုကြုံတွေ့ကြရခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်ကို အသုံးချကာ လူငယ်မောင်မယ်တို့ကို လမ်းမှားသို့ လမ်းညွှန်ပို့ဆောင်ခဲ့သူတို့မှာ ပြည်ပနိုင်ငံများတွင်ကြီးပွားချမ်းသာနေကြသည်။

အဆိုးရွားဆုံးသောလုပ်ရပ်မှာ ဒီမိုကရေစီရရှိရေးအကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လုပ်ဆောင်စေခြင်းဖြစ်သည်။ မသိနားမလည်သောလူငယ်မောင်မယ်အချို့သည် မိမိတို့သူငယ်ချင်းအပေါင်းအသင်းတို့၏ဆွဲဆောင်မှုဖြင့် တောတွင်းလက်နက်ကိုင်များအဖြစ်သို့ရောက်ရှိသွားကြသည်။ အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်းအနိုင်ကျင့်နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသည်။ တပ်မတော်စစ်ကြောင်းများနှင့် ရင်ဆိုင်လာရသည့်အခါ အကြမ်းဖက်အဖွဲ့များ၏ခေါင်းဆောင်ဆိုသူတို့မှာ တိုက်ပွဲနှင့်ဝေးရာသို့ ထွက်ပြေးကြပြီး ကျန်သူများက အသေခံတိုက်ကြရသည်။

တပ်မတော်၏တိုက်စစ်များကို ခုခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့်လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။ အမှားကိုမြင်၍ အမှန်သို့ရောက်အောင်လာခဲ့ကြသော PDF လူငယ်များအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က နွေးထွေးစွာကြိုဆိုလျက်ရှိသည်။ နွေးထွေးစွာကြိုဆိုသည့်အပြင် ၎င်းတို့တွင်ပါရှိလာသောလက်နက်ခဲယမ်းအလိုက် ဆုကြေးငွေများပေးအပ်သည်။

နိုင်ငံတော်နှင့်တပ်မတော်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို နွေးနွေးထွေးထွေးကြိုဆိုခြင်း၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများမှာ များစွာရှိနေပြီဖြစ်သည်။ ယခုစက်တင်ဘာလအတွင်းမှာပင် စက်တင်ဘာလ ၂ ရက်က PDF အမည်ခံအဖွဲ့ဝင်အမျိုးသား ၂၀ ဦး၊ အမျိုးသမီး ၄ ဦးသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင်လည်းကောင်း၊ စက်တင်ဘာလ ၄ ရက်က PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁ ဦးတို့သည် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင်လည်းကောင်း၊ စက်တင်ဘာလ ၇ ရက်က PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၇၇ ဦး၊ အမျိုးသမီး ၁၈ ဦးတို့သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင်လည်းကောင်း၊ စက်တင်ဘာလ ၁၀ ရက်က PNLO၊ DPLA၊ KNDF နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၃ ဦးသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင်လည်းကောင်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

နိုင်ငံတော်အစိုးရနှင့်တပ်မတော်၏မှန်ကန်သောမေတ္တာစေတနာဖြင့် တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များကိုသိမြင်ပြီး မိမိတို့အမှားကိုပြင်၍ နိုင်ငံတော်၏**ငြိမ်းချမ်းသောရင်ခွင်သို့ ဝင်ရောက်လာကြသူများ**ကို ကြိုဆိုပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**တောင်တွင်းကြီး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန်ရည်ရွယ်၍ တောင်တွင်းကြီးမြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် မြို့မဈေးအတွင်း ဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မဈေးအကျိုးတော်ဆောင်အဖွဲ့များပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများယူဆောင်လာရန်အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များဖြန့်ဝေပေးသည်။ ပလတ်စတစ်အိတ်အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေးပြုလုပ်ခြင်းကို အပတ်စဉ်တနင်္လာနေ့တိုင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဦးမျိုး(ဗိသနိုးမြေ)**

## ပျဉ်းမနားမြို့နယ်၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်

**ပျဉ်းမနား စက်တင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ငကောင်းကံကျေးရွာအုပ်စု ငကောင်းကံကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကော်မတီဝင်များနှင့်အတူ ငကောင်းကံကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၇၅ ဒသမ ၂၆ သန်းဖြင့် ၂၀၂၆ ခုနှစ် ဩဂုတ်လ တတိယပတ်မှစ၍ လုပ်ငန်းများ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သံသာ(ကျေးလက်)**

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁၅-၉-၂၀၂၆(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၁:၅၀ လှပကျွန်းမာ
၃။ ၁၄:၅၀ Speech On Air
၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၁-၇၄၀၁၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၁-၇၄၀၁၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

# မီးဘေးအန္တရာယ် အသိပညာပေးဟောပြော

မန္တလေး စက်တင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက် အကွက်(၅၂-အတွင်း) ၉ လမ်း၊ ၇၅ လမ်းနှင့် ၇၆ လမ်းကြား အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းရှိ မြရတနာပုံခန်းမ၌ ယနေ့နံနက်ပိုင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေး မြို့နယ်အဆင့်ဆင့်ပွားသင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိသော သင်တန်းသား ဆရာ၊ ဆရာမများအား မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲကျင်းပသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်၊ ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူးနှင့်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ သင်တန်းသားဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိဦးဇော်မျိုးထက်က လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ မီးဘေးလုံခြုံရေးအသိပညာများအား အသိပညာပေးဟောပြောပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်းနှင့် ၎င်းတို့၏ လက်ကိုင်ဖုန်းများအတွင်း 191 Report Application ထည့်သွင်းပေးခြင်းများဆောင်ရွက်ကြောင်း သိရသည်။

(၄၀၂)

# ရွှေတိဂုံစေတီတော်လုပ်ငန်းခွင်မွမ်းမံသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ရုံးဝန်ထမ်းများလုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၂၆)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ ရေကြည်တော်ဝတ်အသင်းတန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ဂေါပကရုံးဝန်ထမ်းများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးကျော်ဇေယျက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဝန်ထမ်းသင်တန်းကျောင်း၊ အခြေခံစာရင်းရေးနှင့် စာရင်းကိုင်သင်တန်းနာယကကြီး ဦးညွန့်ထွေးက သင်တန်းနှင့်ပတ်သက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဝန်ထမ်းသင်တန်းကျောင်း၊ သင်တန်းနည်းပြများက ရုံးလုပ်ငန်း၊ ရုံးစာရေးသားနည်း၊ စာရင်းကိုင်ပညာတို့အား သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၄၄ ဦး တက်ရောက်ကာ စက်တင်ဘာလ ၁၄ ရက်မှ အောက်တိုဘာလ ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရုံခ

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးပြေမပိသာ အများအပြား တင်ပို့ရောင်းချနိုင်

ဘိုကလေး စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ငါးပြေမပိသာ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်မျိုးစုံရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကေခိုင်၏ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဇူလိုင်လအတွင်း ငါးပြေမပိသာ ၄၂၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ ငါးပြေမပိသာ ၄၉၀၀၀ ခန့် တင်ပို့ရောင်းချနိုင်ခဲ့သည်။

ဘိုကလေးမြို့နယ်၌ လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမများ အများဆုံးထွက်ရှိပြီး ထွက်ရှိလာသည့်ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိသည်။

ငါးပြေမသည် ဝယ်လိုအားနှင့် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ငါးပြေမများကို တိုးချဲ့မွေးမြူလာကြောင်း သိရသည်။

သုတကျော်

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြလက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များအား ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၆-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၃-၉-၂၀၂၆ ရက်မွန်းလွဲ ၁ နာရီတွင် **“အများပြည်သူသွားလာရေးနှင့်ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထား ဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ငပုတော စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဝက်ဆူကျေးရွာအုပ်စု ဝက်ဆူကျေးရွာ၌ ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို စက်တင်ဘာလ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး စိုးရယ်လွင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ဝက်ဆူကျေးရွာ ဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အရှည် ၃၅၅ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေ ငွေကျပ် သိန်း၁၅၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၃၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့သည်။ လက်ရှိတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဝက်ဆူကျေးရွာရှိ အိမ်ထောင်စုဝင်များ ရာသီမရွေးသွားလာရေးလွယ်ကူချောမွေ့လာမည်ဖြစ်ပြီး ဒေသထွက်ကုန်များကို ဈေးကွက်သို့ လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

တေဇာလင်း




## (၁၄-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆ ~ ၃၆၆၇.၅ | ၅၁၈.၁ ~ ၅၁၈.၅ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၆၀၈,၀၂၀.၄၀ | ၄၀,၀၀၀,၀၀၀.၀၀ | ၆၀,၁၇၅,၇၁၁.၈၉ | - |

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထိုအခါ မြို့အုပ်မင်းက "အေး...ကောင်းတယ်၊ ဒီလိုမှပေါ့၊ သွားသာသွားပါကွယ်၊ အမှန်ရမှာပါပဲ၊ မင့်မိန်းမသန်းတင်တော့ ခဏ ဒီမှာပဲလာနေပါစေ၊ ခေါ်မသွားနဲ့ဦး၊ ဟိုမှာ နေရာကျတော့မှ သူ့ကို ခေါ်တာပေါ့၊ မင်းလည်း ဒီမြို့မှာ ကြာရှည်နေဖို့မတော်ဘူး"

"ကဲ...မင်းဘယ်တော့သွားမလဲ၊ ဘာများကိစ္စရှိသေးသလဲ"

"မရှိပါဘူး"

"ကဲ...ဒါဖြင့် မနက်ဖြန် ၁၂ နာရီ စာပို့ကြီးနဲ့ လိုက်သွားပေတော့ ဟုတ်လား"

"ကောင်းပါပြီ"

နောက် ၁၀ ရက်လောက်ကြာသောအခါ တစ်နေ့သ၌ မိမိရီနှင့် မောင်ထွန်းမြတ်တို့သည် ထမင်းစားပြီးစဖြစ်၍ မထကြသေးဘဲ ထိုင်နေကြသေးရာ စာရေးကြီး ဦးသာဒွန်းက ခေါင်းဆောင်ပြု၍ ရာဇဝတ်ဝန်ထောက်မင်းနှင့် တခြားလူကြီး ၃၊ ၄ ဦးတို့သည် အခန်းတွင်းသို့ ပျာယီးပျာယာနှင့် ဝင်လာကြပြီးလျှင် ၃၊ ၄ ဦး တစ်ပြိုင်နက် ဆူညံစွာ စကားပြောဆိုကြရာ မောင်ထွန်းမြတ်မှာ မည်သူ့စကားကို နားထောင်ရမည်မသိဘဲ အရိပ်အမြွက်ကိုသာ ကြားရသဖြင့် "ဘယ့်နှယ် ဦးရဲ့ လုမဲ့လူပါလာတယ်"

"လာပါစေလေ ဘာဖြစ်သလဲ၊ နောက်ဆုံးကျသိလိမ့်မယ်ပေါ့" ဟုပြော၍ "လုမဲ့သူက ဘယ်သူလဲကိုထွန်းမြတ်က မသိသေးဘူး" ဟု ဦးသာဒွန်းကပြောလျှင် ဝန်ထောက်ကြီးက "ဒီအကောင်မျက်နှာပြောင်တာ ငါအံ့ဩတယ်" တစ်ယောက်ကလည်း "ဟုတ်တယ်ဗျာ၊ ရင် ၁၀ ချက်၊ ကျော ၁၀ ချက် ထောင်းစမ်းချင်လှတယ်" တခြားတစ်ယောက်ကလည်း "ကျုပ်ကတော့ ဒီအကောင် တံတောင်နဲ့မထောင်းချင်ဘူး၊ စီးတဲ့ဖိနပ်နဲ့ ရိုက်ချင်တယ်" ဟု အသီးသီးပြောကြလေ၏။ မောင်ထွန်းမြတ်လည်း မည်သူ့ကိုပြောနေသည်မသိသေးသဖြင့် "ဘယ်သူလဲခင်ဗျာ ပြောကြပါဦး" ဟုမေးသည်နှင့် ဝန်ထောက်မင်းက "ဟိုအကောင်ပေါ့ကွဲ့၊ သေက်ညွှန့်ပေါ့" ဟုပြောလျှင် မောင်ထွန်းမြတ်သည် မျက်နှာပျက်လျက် မိမိရီလည်း မျက်နှာကိုအောက်ချလျက်ရှိလေ၏။

ဝန်ထောက်မင်းလည်း ဆက်လက်၍ "ဒီကနေ့နံနက် မြို့ထဲငါကိစ္စရှိလို့သွားတော့ မောင်သက်ညွှန့်ကို သဘောတူပါတဲ့စာတွေ ကပ်ထားတာတွေ့ခဲ့ရတယ်၊ ဒါနဲ့ ဘယ်က မောင်သက်ညွှန့်က ပေါ်လာပြန်ပါလိမ့်လို့ တွေးနေတုန်း ဈေးချိုတော်နာရီစင်ထောင့်နား ခါတ်ရထားစောင့်ရင်း လူတစ်ယောက်နဲ့ ရပ်ပြီးစကားပြောနေတဲ့ သက်ညွှန့်ကို မြင်တာကိုးကွဲ့၊ ဒီတော့ ငါက ဖြုန်းခနဲ ဒီသက်ညွှန့်များဖြစ်နေမလားလို့ အောက်မေ့မိတယ်၊ ဒါနဲ့ ငါစိတ်မကျေနပ်လို့ ထောက်လှမ်းကြည့်တော့ ဒီအကောင်ပဲတဲ့၊ နောက်ရောက်တဲ့ အခွန်ဝန်မင်းအိမ်မှာ၊ ဘယ့်နှယ်လဲ မင်းကကြိုးစားပြီး မရရအောင်ကြံစည်မယ်မဟုတ်လား" ဟုမေးလျှင် မောင်ထွန်းမြတ်လည်း ဘာမှပြန်မပြောဘဲ စဉ်းစားလျက်နေလေ၏။

ယင်းနောက် လူကြီးမင်းတို့လည်း ၁၅ မိနစ်ခန့် စကားပြောဆိုကြပြီး၍ ပြန်သွားကြလျှင် မိမိရီသည် လင်၏မျက်နှာကို အကဲခတ်၍ "ဘယ့်နှယ်သဘောရသလဲရှင်၊ ဒီအကောင်လာလို့ နောက်ဆုတ်မယ် အောက်မေ့သလား"

"နောက်ဆုတ်လို့ မတော်ဘူးမှတ်တယ် မိမိရီရယ်၊ သူက တမင်လာပြီး စော်ကားတာပဲ၊ ဒီတော့ ဒီက သူ့ကို အရေးမလုပ်ဘဲ ခြေဖဝါးအောက်ကခြေမှုန့်လောက် အောက်မေ့မှတော်မယ်"

မောင်ထွန်းမြတ်လည်း အလုပ်ရုံးသို့သွားရာလမ်းတွင် မိမိနာမည်နှင့်ယှဉ်၍ "မောင်သက်ညွှန့်ကို သဘောတူပါ" ဟု ကပ်လျက်ထားသော စာရွက်တို့ကိုမြင်သဖြင့် မောင်သက်ညွှန့်၏အကြောင်းကို စဉ်းစားလျက်သွားရာ မဂျမ်းပုံနှင့်တွေ့လျှင်-

"ဘယ့်နှယ်လဲ၊ ကြားပြီးပြီလားဟေ့"

"ကြားပြီးပြီ"

"ဒီအကောင် ရူးလာတယ်မှတ်တယ်ကွဲ့၊ ငါဖြင့် အံ့ဩလှတယ်ကွယ်၊ ဒါနဲ့ အခုဖြင့် မင်းက စိတ်ရောကိုယ်ပါ မရရအောင်လုပေတော့ဟေ့၊ ငါလည်း အရင်ကတော့ သဘောမတူဘူး၊ အခုလိုတော့လား မင်းက ဒီအကောင်လာလို့ နောက်ဆုတ်ရင် မင့်ကို ငါ မောင်တော်တယ်တောင် မပြောဘူးမှတ်တော့ဟေ့"

"ကျွန်တော် နောက်ဆုတ်မယ်မကြံပါဘူး"

"အေး...ဟုတ်ပြီ၊ ဒီလိုလုပ်ကြတော့ မြင်းရထား၊ ခါတ်ရထားတွေငှားပြီး စာတွေဘာတွေ ကပ်ရပြုရသေးတယ်မဟုတ်လား၊ ဒီအတွက် ငါက အကုန်ခံမယ်၊ ၅၀၀ ကျပ်လောက် ကုန်လိမ့်မလား၊ ငါကထုတ်မယ်၊ ဒီလောက်မက ကုန်ချင်ကုန်ပါစေ" ဟုပြောလျှင် မောင်ထွန်းမြတ်လည်း ရယ်မော၍ "နေပါစေအစ်မကြီးရယ်၊ ဒီလောက်တောင် အကုန်မခံရပါဘူး" ဟုပြော၍ ရုံးတွင်းသို့ဝင်သွားလေ၏။

မိမိရီလည်း မောင်ထွန်းမြတ်ကို ဝင်းပေါက်သို့ ကျော်အောင်လိုက်ပို့၍အပြန်တွင် ခင်စိန်ကြည်သည် ကလေးနှစ်ယောက်နှင့် လမ်းလျှောက်နေကြသည်ကိုတွေ့ရာ ခင်မောင်ကြီးက (ခင်မောင်ကြီးမှာ နံနက်အချိန်၌ကား အနည်းငယ်လှုပ်ရှားသွားလာနိုင်လေသည်။) "မေမေဘာပြုလို့လဲ၊ မျက်နှာကြီးများနီလို့" ဟုပြောရာ-

"ဟုတ်လား၊ မေမေ စိတ်ဆိုးလာလို့တဲ့"

"ဘာပြုလို့လဲ"

"လူတစ်ယောက်ကလာပြီး ဖေဖေနဲ့ နေရာလုမလို့တဲ့"

"ဘာဖြစ်သလဲ လူတိုင်းလုချင်လုရတယ်ဆို"

"ဒီပြင်လူတော့ လုချင်လုရတာပေါ့၊ ဒီအကောင်ကတော့ သူများနဲ့မတူဘူးကွဲ့၊ အကောင်ယုတ်"

"ဘယ်သူတဲ့လဲ မေမေရဲ့"

"သက်ညွှန့်တဲ့" ဟုပြောလျှင် "ဟင်" ဟုအော်လိုက်သံကြားသဖြင့် မိမိရီလည်း လှည့်၍ကြည့်လိုက်လျှင် ခင်စိန်ကြည်မှာ မျက်နှာကို ပဝါဖြူအုပ်လျက် ချောင်းဆိုး၍နေသည်ကို မြင်ရလေ၏။

"ဆရာမ ချောင်းဆိုးလှချေကလား"

"ဟုတ်တယ်ရှင့်၊ သီးသွားလို့ပါ" ဟုပြန်ပြောလျှင် မိမိရီလည်း "ဆရာမသည် မောင်သက်ညွှန့်ကို သိဖူးလေသလော" ဟု အောက်မေ့၍ ဆရာမကို အကဲခတ်နေလေ၏။

ယင်းနေ့ညနေ၌ မမကြီးနှင့် ခင်စိန်ကြည်တို့သည် ဝင်းပေါက်အနီးတွင် လမ်းလျှောက်နေကြစဉ် ဝတ်လုံတော်ရမင်းနှင့် သားမောင်သက်တင်တို့သည် မြင်းရထားပေါ်မှဆင်းလာကြရာ "မောင်ထွန်းမြတ်ရှိသလားဟေ့" ဟု မမကြီးအားမေးလျက် ခင်စိန်ကြည်ကိုကြည့်ရာ ခင်စိန်ကြည်သည် ဦးလေးနှင့်တွေ့ရသည်မှာ ပထမအကြိမ်ဖြစ်သဖြင့် သိမည်စိုး၍ မျက်နှာကို လွှဲလျက်နေလျှင် "ဖေဖေ ရှိတယ်ရှင့်၊ ဒီကဟာ ကျွန်မတို့ဆရာမပဲ" ဟု မမကြီးကပြောလျှင် ဝတ်လုံတော်ရမင်းသည် ခင်စိန်ကြည်ကို အသာလှည့်၍သာကြည့်ပြီး မောင်ထွန်းမြတ်ရှိရာသို့ သွားလေ၏။

ဖခင်သည် အိမ်တွင်းသို့ဝင်သွားလျှင် မောင်သက်တင်လည်း မမကြီးအနီးသို့သွား၍ "မင်းမြင်ရတာဝမ်းသာလိုက်တာကွယ်၊ ငါတို့ အရင်ပြောထားတာ မေ့ပြီလားဟေ့ မမကြီး"

"မမေ့ပါဘူး"

"နို့...မင်းကော ငါတို့လာတာ ဝမ်းသာရဲ့လား"

"သာတာပေါ့"

"ဒီမှာဆရာမရဲ့၊ မမကြီးကိုလေ ကြီးတော့ ကျွန်တော်ယူမှာ၊ သူကလည်းယူတော့တဲ့ သဘောတူတယ်၊ ဟုတ်ဘူးလား မမကြီး" ဟုမေး၍ မမကြီးလည်း ခေါင်းညိတ်လေလျှင် ခင်စိန်ကြည်က "ဒီလိုစကားတွေ မပြောပါနဲ့ လူကလေးရယ်"

"ဘာပြုလို့လဲ ဆရာမရဲ့"

"မောင့်ဖေဖေနဲ့ မေမေက ဘယ်သဘောတူမလဲ"

"ဘာပြုလို့မတူရမလဲ၊ ဖေဖေကတော့ သဘောတူမှာပေါ့၊ မေမေကတော့ တူချင်တူ၊ မတူချင်နေ ကိစ္စမရှိဘူးထင်ပါတယ်"

**ဆက်လက်ဖော်ပြပါမည်။**

> **"တစ်နေ့သ၌ မိမိရီနှင့် မောင်ထွန်းမြတ်တို့သည် ထမင်းစားပြီးစဖြစ်၍ မထကြသေးဘဲ ထိုင်နေကြသေးရာ စာရေးကြီး ဦးသာဒွန်းက ခေါင်းဆောင်ပြု၍ ရာဇဝတ်ဝန်ထောက်မင်းနှင့် တခြားလူကြီး ၃၊ ၄ ဦးတို့သည် အခန်းတွင်းသို့ ပျာယီးပျာယာနှင့် ဝင်လာကြပြီးလျှင် ၃၊ ၄ ဦး တစ်ပြိုင်နက် ဆူညံစွာစကားပြောဆိုကြရာ မောင်ထွန်းမြတ်မှာ မည်သူ့စကားကို နားထောင်ရမည်မသိဘဲ အရိပ်အမြွက်ကိုသာကြားရ . . ."**

## အခြေခံစာကြည့်တိုက်ပညာသင်တန်း သာယာဝတီမြို့၌ ဖွင့်လှစ်

**သာယာဝတီ စက်တင်ဘာ ၁၄**



စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်မှူးများနှင့်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို စက်တင်ဘာလ ၁၄ ရက်တွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများတွင် စာကြည့်တိုက်မှူးများ၏အရေးပါပုံကို ဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ စာကြည့်တိုက်တာဝန်ခံများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး သင်တန်းတွင် DLMS စာရင်းရေးသွင်းနည်း၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာအုပ်စာစောင်များ ပျောက်ဆုံး၊ ပျက်စီးမှုအတွက် အစားထိုးခြင်း၊ စာရင်းမှပယ်ဖျက်ခြင်း၊ စာဖတ်ဝိုင်းနှင့် ဟောပြောပွဲများ ကျင်းပခြင်း စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။ **ရန်ကင်း**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒေသထွက်လယ်ငါးခူများ တင်ပို့ရောင်းချ

**ဘိုကလေး စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဩဂုတ်လအတွင်း ဒေသထွက်လယ်ငါးခူ ပိဿာ ၄၆၀၀၀ ခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝေဝေ၏ပြောပြချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက လယ်ငါးခူပိဿာ ၄၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်အထိ လယ်ငါးခူပိဿာ ၄၆၀၀၀ ခန့်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

"ဩဂုတ်လ တစ်လတာကာလအတွင်း ရန်ကုန်ဈေးကွက်ကို လယ်ငါးခူပိဿာ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုပေါ်မူတည်ပြီး ဘိုကလေးမြို့နယ်ကနေ တင်ပို့ရောင်းချနေပါတယ်။ လယ်ငါးခူက ပြည်တွင်းစားသုံးမှုများတဲ့ ငါးဖြစ်ပါတယ်။ လက်ရှိလည်း ဝယ်လိုအားကောင်းနေပါတယ်"ဟု ဒေါ်ဝေဝေကပြောသည်။

ဘိုကလေးမြို့နယ်၌ ဒေသထွက်လယ်ငါးခူများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

လယ်ငါးခူ မွေးမြူခြင်းသည် အချိန်တိုအတွင်း ဈေးကွက်ဝင်ကာ အကျိုးအမြတ်ဖြစ်ထွန်းစေသော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ကာ လှောင်မွေးစနစ်မှ စနစ်ကျနသည့် ခေတ်မီမွေးမြူရေးစနစ်ကို ကူးပြောင်းမွေးမြူရမည်ဖြစ်သည်။

ထို့ပြင် ခေတ်မီမွေးမြူရေးစနစ်ဖော်ဆောင်ရေး၊ မွေးမြူရေးထုတ်ကုန်များကို အဆင့်မီကုန်ချောစနစ်ဖြင့်ထုတ်လုပ်ရေး၊ ရေရှည်အကျိုးစီးပွားနှင့် စဉ်ဆက်မပြတ်ထုတ်လုပ်ရေးကို စနစ်တကျတွက်ချက်ဆောင်ရွက်နိုင်ပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သုတကျော်**

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးကညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာအမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုးမတိုးတက် စရာအကြောင်းမရှိပါဘူး။**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)

## သီတဂူဆရာတော်ကြီးမှ ရေဘေးနှင့်ကြုံတွေ့ခဲ့သည့် နီပေါနိုင်ငံသားများအား အမေရိကန်ဒေါ်လာ ၁ သောင်းလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၄**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ကျေးဇူးတော်ရှင် သီတဂူဆရာတော်ကြီးသည် နီပေါနိုင်ငံတွင် ရေခဲမြစ်ပျော်ကျရာမှ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ရေဘေးနှင့်ကြုံတွေ့ခဲ့သည့်နီပေါနိုင်ငံသားများအတွက် အမေရိကန်ဒေါ်လာ ၁ သောင်းလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာလ ၁၃ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိသီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တွင်ကျင်းပရာ သီတဂူဆရာတော်ကြီးက ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၆ ရက်က နီပေါနိုင်ငံတွင် ရေခဲမြစ်ပျော်ကျရာမှဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် အိုးအိမ်များပျက်စီးဆုံးရှုံးခဲ့ရသည့် နီပေါနိုင်ငံသားများအား ကူညီထောက်ပံ့နိုင်စေခြင်း အကျိုးငှာ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်းမိန့်ကြားခဲ့သည်။

ယင်းနောက်သီတဂူဆရာတော်ကြီးက နီပေါနိုင်ငံသားများအတွက် အမေရိကန်ဒေါ်လာ ၁ သောင်းပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီးကလက်ခံရယူခဲ့သည်။

ထို့နောက် နီပေါနိုင်ငံသံအမတ်ကြီးက မိတ်ဖက်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအစိုးရ၏ကရုဏာထားလှူဒါန်းမှုများလည်းရှိခဲ့ပါကြောင်း၊ လှူဒါန်းပေးသည့်အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ကျေးဇူးတော်ရှင်ဆရာတော်ကြီးမှာလည်း ယခုကဲ့သို့မေတ္တာကရုဏာထားပြီး စောင့်ရှောက်လှူဒါန်းမှုပြုလုပ်ပေးသည့်အတွက်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ပြန်လည်လျှောက်ထားပြီး ဆရာတော်ကြီး၏မေတ္တာခါတ်ကိုခံယူခဲ့ကြောင်း သိရသည်။

**လင်းခန့်**



## ရန်ကုန်မြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရန်ကုန်မြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှစီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ရုံးအမှတ်(၂၆)၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကိုရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

Mr. Andrei Iunak အနေဖြင့် ရန်ကုန်မြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးတွင် စီးပွားရေးသံမှူးအဖြစ် တာဝန်ထမ်းဆောင်မှုပြီးဆုံးပြီဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးအားဂါရဝပြုနှုတ်ဆက်ရန်လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။


**မြဝတီ**

## ၁၄-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀) ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၄**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁) အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့်အတူ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နှစ်နိုင်ငံအကြားစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

➡ **ရှေ့ဖုံးမှအဆက်**

မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဟိုင်းကြီးကျွန်းမြို့မှာ မိုးသီးနှံတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကြိုတင်စီမံဆောင်ရွက်ခဲ့ပါတယ်။ မိုးစပါးတွေကို သတ်မှတ်ကာလအတွင်း အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ တောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် လျာထားတဲ့ မိုးစပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပါပြီ"ဟု ဦးဆန်းဝင်းကပြောသည်။

မိုးသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့က ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆည်မြောင်းများပြုပြင်ခြင်း၊ တာတမံများ မကျိုးပေါက်စေရေးအတွက် တာပေါင်မြှင့်တင်ခြင်း၊ ရေသွယ်မြောင်းများကို ရေစိမ့်ပေါက်နှင့် ရေထွက်ပေါက်များ ရှာဖွေခြင်းကို မိုးသီးနှံမစိုက်ပျိုးမီ ကြိုတင်ဆောင်ရွက်ခဲ့သည်။

ထို့ပြင် စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းပညာဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကို သဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေအပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးနှင့် တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန် လိုအပ်သည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက် မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်၍ စိုက်ပျိုးသီးနှံများအထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# သာစည်-ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်း ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၁၄**

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမီးရထားရိပ်သာ၌ ဝန်ကြီးဌာနလက်အောက်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နိုင်ငံ့ဝန်ထမ်းပီသစွာ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန်၊ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်၊ ဌာနရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများသန့်ရှင်းကောင်းမွန်ရေး အမြဲဆောင်ရွက်ရန် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တောင်ကြီးဘူတာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာသန့်ရှင်းသပ်ရပ်ရေးနှင့်ယာဒ်ဝင်းအတွင်းရှိကလော-မြင်းဒိုက်၊ ကလော-အောင်ပန်းလမ်းပိုင်း၌ စင်းလုံးငှား ပြေးဆွဲပေးသည့် ရှုခင်းကြည့် RGC ရထား၏လိုအပ်ချက်များကို ပြန်လည်ပြုပြင်ပေးရန် မှာကြားသည်။

ဆက်လက်၍ အထူးရထားဖြင့် တောင်ကြီးဘူတာမှ ပေါ်မူဘူတာအထိ လိုက်ပါစီးနင်းပြီး ရထားလမ်းပိုင်းနှင့် ထီသိမ်အပိုင်းပတ် ရထားလမ်းတာပေါင်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ မြေထိန်းနံရံနှင့် ရေထွက်ပေါက်များကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ထားမှုကို အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် သာစည်ဘူတာသို့ ရောက်ရှိရာ ဘူတာအဝင် ရထားလမ်းခုံးကျော်တံတား အသစ်တည်ဆောက်မည့်နေရာနှင့် ဘူတာအသစ်တည်ဆောက်မည့်နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း သာစည်မြို့နယ် ယင်းမာပင်ဘူတာမှ အထူးရထားဖြင့် လိုက်ပါစီးနင်းပြီး ယင်းမာပင်-ကလောရထားလမ်းပိုင်းကိုလည်းကောင်း၊ လယ်ပြင်နှင့် ပထမလွန်းထိုးဘူတာအကြား မိုင်တိုင်အမှတ် (၃၄၆/၀)ရှိ ရွှေမင်းဘုန်းတံတားကိုလည်းကောင်း၊ ပထမလွန်းထိုးဘူတာနှင့် ချွေးရုပ်ဘူတာတို့ကိုလည်းကောင်း၊ ဆင်တောင်နှင့် မြင်းဒိုက်ဘူတာအကြား မိုင်တိုင် (၃၅၉/၁၆-၂၀) ရှိ အရှည် ပေ ၈၃၀ ရှိသော ကမ်းပါးနီလိုဇ်ဂူကိုလည်းကောင်း၊ ကလောဘူတာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

■ **ကျောဖုံးမှအဆက်**

ကြည့်ရှုစစ်ဆေးစဉ် ယနေ့အချိန်ကာလသည်ကမ္ဘာတစ်ဝန်းတွင်စက်မောင်းဆီအခက်အခဲများဖြစ်ပေါ်နေလျက်ရှိသည့်အပြင် ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စက်မောင်းဆီကို စနစ်တကျသုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခမဖြစ်မီက စက်မောင်းဆီများသည် ရေနံစိမ်းကုန်ကြမ်းထက် ၃၀ ရာခိုင်နှုန်းခန့်သာ ပိုမိုသော်လည်း ယခုအချိန်တွင် နှစ်ဆခွဲခန့်အထိ မြင့်တက်နေသည့်အတွက် ရေနံချက်စက်ရုံ ရှိက်နိုင်သည့် ပထမဆုံးသော ရေနံချက်စက်ရုံဖြစ်သည်နှင့်အညီ ဝန်ထမ်းများအား စနစ်တကျလေ့ကျင့်သင်ကြားပေးထားရန် လိုအပ်ကြောင်း ပြောကြားသည်။


မွန်းလွဲပိုင်းတွင် သာကေတနှင့် အလုံ သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့များသည် တန်ဖိုးကြီးမားသဖြင့် အကျိုးရှိထိရောက်စွာအသုံးပြုရန် လိုအပ်ကြောင်း၊ စက်များ၏စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အနည်းဆုံး ၃၀ ရာခိုင်နှုန်း သက်သာသွားမည်ဖြစ်ရာ စက်များအား ပြန်လည်ပြင်ဆင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားသည့်စက်များဖြင့် အစားထိုးအသုံးပြုသွားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ညနေပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သည်တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။


တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် အနှောင့်အယှက်အခက်အခဲများရှိနေသော်လည်း ဝန်ထမ်းများအားလုံး စုစည်းညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်တစ်လချင်း ပျမ်းမျှဓာတ်အားဖြန့်ဖြူးနိုင်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခုနှစ်သည်အများဆုံးဖြစ်ပြီး တစ်လပျမ်းမျှ ယူနစ် ၁၉၇၈ သန်း ဖြန့်ဖြူးနေပါကြောင်း၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်းများ ဖျက်ဆီးခံခဲ့ရခြင်းမရှိပါက တစ်လပျမ်းမျှယူနစ် ၂၄၀၀ သန်းအထိ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တစ်လပျမ်းမျှဖြန့်ဖြူးနိုင်မှု ၂၁ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာမှုသည် ဓာတ်အားတိုးမြှင့်ထုတ်လုပ်ပေးနိုင်မှုအပြင် ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ်အရေးယူနိုင်ခြင်းသည်လည်း အဓိကပါဝင်ပါကြောင်း၊ ပြည်သူများ အားကိုးအားထားပြုရပြီး နိုင်ငံတော်စီးပွားဖွံ့ဖြိုးမှုအတွက် အားကိုးအားထားပြုရသည့် လျှပ်စစ်ဓာတ်အားပေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ဝန်ထမ်းများအားလုံးသည် စေတနာအရင်းခံ၍ ဝန်ဆောင်မှုပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီတာများ တိုးမြှင့်တပ်ဆင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဝတီ**



၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်အတွင်း လအလိုက် ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု နှိုင်းယှဉ်ချက်



၂၀၁၀ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း တစ်လပျမ်းမျှ ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု နှိုင်းယှဉ်ချက်

များ လျင်မြန်စွာပေါ်ထွက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုလည်ပတ်မည့် စက်ရုံသည် ထိန်းချုပ်မောင်းနှင်မှု၊ စောင့်ကြည့်မှု၊ ချိန်ညှိမှုများကို Control Room အတွင်းမှ ဆောင်

## တံတား၊ လမ်း၊ အဆောက်အဦဦးစီးဌာနများ၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲတွင် တည်ဆောက်ရေးသုံးပစ္စည်းများ၏အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီးတံတား၊ လမ်း၊ အဆောက်အဦ ဦးစီးဌာနများ၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ၌ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ၏ အရည်အသွေးကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတားတည်ဆောက်ရေး လုပ်ငန်းများအတွက် တည်ဆောက်ရေးသုံးပစ္စည်းများ ဓာတ်ခွဲစမ်းသပ်နေမှုနှင့် ဘိုးပိုင်များ ဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုစစ်ဆေးသည့် ကိရိယာများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများကို ယနေ့တွင်ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ လမ်းဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲရှိ လမ်းတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုသည့် မြေသားဓာတ်ခွဲစမ်းသပ်ခြင်း၊ မြေသားအရည်အသွေးအရ လမ်းဒီဇိုင်းပုံစံများ တွက်ချက်ရေးဆွဲထုတ်ပေးခြင်း၊ ကတ္တရာအရည်အသွေး စစ်ဆေးခြင်း၊ လမ်းတည်ဆောက်ရေးသုံးပစ္စည်းများ အရည်အသွေးစစ်ဆေးခြင်း၊ လမ်းလုပ်ငန်းအရည်အသွေးပြည့်မီကောင်းမွန်စေရေး စစ်ဆေးသည့်ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း၊ အဆောက်အဦဦးစီးဌာန၏ သုတေသနနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲရှိ သံချောင်းများ အရည်အသွေးစစ်ဆေးမှုနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ရန်ကုန် - မန္တလေး အမြန်လမ်း(ရန်ကုန် - နေပြည်တော် လမ်းပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး အပိုင်းလိုက်ပြုပြင်ထိန်းသိမ်းရန်လိုအပ်သည့်နေရာများတွင် စက်ယန္တရားများဖြင့် ကတ္တရာကွန်ကရစ်(AC) ခင်းကျင်းနေမှု၊ မိုင်တိုင်အမှတ်(၁၆၅/၁)ရှိဆွာချောင်းတံတား အသွားလမ်းနေရာတွင် အရှည် ပေ ၉၀၀ တံတားအသစ်တစ်စင်း ထပ်မံတည်ဆောက်နေသည့် လုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

● **ရှမ်းယူနိုက်တက်မှ**

ဖိအားပေးကစားခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုယူကာစိတ်ကြိုက်ပုံဖော်ကစားခဲ့သော်လည်း ပွဲကစားချိန် ၃၈ မိနစ်အရောက်တွင် မက်ခ်ဆာကီ အနီကတ်ပြအထုတ်ခံရ၍ တစ်ယောက်လျော့ဖြင့် ပြိုင်ဘက်အသင်းကို အကောင်းဆုံးယှဉ်ပြိုင်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း ဂိုးရလိုမှုဆန္ဒစောမှုများနှင့် အီဇရာနောက်တန်း၏ ခံစစ်မာကျောမှုတို့ကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေဖြင့်သာ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် အီဇရာအသင်း လူစားလဲမှုများပြုလုပ်ပြီး ရှမ်းယူနိုက်တက်အသင်းကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သည်။ ရှမ်းယူနိုက်တက်အသင်း ဂိုးရရှိရန် အချိတ်အဆက်မိမိ ကစားနိုင်ခဲ့သော်လည်း ဘောလုံးအပျက်များ၍ ဦးဆောင်ဂိုးနှင့်ဝေးခဲ့ရသည်။ အီဇရာအသင်းသည် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်ကိုခုခံရင်း တစ်ချက်တစ်ချက်မှသာ တန်ပြန်တိုက်စစ်ဆင်နိုင်ခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ယှဉ်ပြိုင်ရင်း ပွဲကစားချိန် ၉၀+၄ မိနစ်အရောက်တွင်လူစားဝင်ကစားသမား သက်ဝေမိုးက ပြိုင်ဘက် ဂိုးဧရိယာအစပ်မှ ကန်သွင်းပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပထမအကျော့ရလဒ်တွင် ၃ ဂိုး ၂ ဂိုးဖြင့် ရှုံးထားသော်လည်း ယနေ့ပွဲတွင် ရှမ်းယူနိုက်တက်အသင်း တစ်ဂိုးထပ်မံရရှိ၍ တစ်ဖက်သုံးဂိုးစီဖြင့် သရေဖြစ်ခဲ့သည်။

အဆုံးအဖြတ်အတွက် အချိန်ပို ၁၅ မိနစ်နှစ်ကြိမ်ကန်ခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက်နောက်ဆုံး ပယ်နယ်တီ အဆုံးအဖြတ်တွင် ရှမ်းယူနိုက်တက်အသင်းက ၃ ဂိုး ၂ ဂိုးဖြင့် အီဇရာအသင်းကို အနိုင်ရရှိသွားကြောင်း သိရသည်။

**ဝန်းရံခ**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၄ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကိုအမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇-၂-၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၂/၂၀၂၆) တွင်ဖော်ပြထားသည့်အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်းအစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၃၃၄၆၆<br>ဗိုလ်မှူးချုပ်ဉာဏ်သိန်းဦး | အစား | ကြည်း ၃၅၄၂၈<br>ဗိုလ်မှူးကြီးသူရိန်ဟန် |
| ( ခ ) | ကြည်း ၂၀၆၈၃<br>ဗိုလ်မှူးကြီးအောင်ကျော်ဦး | အစား | ကြည်း ၂၇၂၁၃<br>ဗိုလ်မှူးကြီးစိုးထွန်း |
| ( ဂ ) | ကြည်း ၂၃၃၅၃<br>ဗိုလ်မှူးကြီးဝင်းကိုကို | အစား | ကြည်း ၂၈၂၇၄<br>ဗိုလ်မှူးကြီးသိန်းလွင် |
| (ဃ) | ကြည်း ၂၃၆၇၆<br>ဗိုလ်မှူးကြီးဒေါ်စိုးမိုးခိုင် | အစား | အင်န် ၆၅၉<br>ဒုတိယဗိုလ်မှူးကြီးဒေါ်ဥမ္မာမြင့် |
| ( င ) | ကြည်း ၂၃၆၇၅<br>ဒုတိယဗိုလ်မှူးကြီးဒေါ်ခင်ဥမ္မာကြိုင် | အစား | အင်န် ၈၃၁<br>ဗိုလ်မှူးဒေါ်အေးအေးမွန် |
| ( စ ) | ကြည်း ၂၅၅၁၅<br>ဒုတိယဗိုလ်မှူးကြီးဒေါ်ခိုင်ခိုင်စု | အစား | အင်န် ၈၂၄<br>ဗိုလ်မှူးဒေါ်အေးသက်သက်ခိုင် |
| (ဆ) | အင်န် ၆၃၇<br>ဗိုလ်မှူးဒေါ်ခင်သူဇာ | အစား | အင်န် ၇၀၇<br>ဗိုလ်မှူးဒေါ်သီတာလွင် |

**(ပုံ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်သုံးဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၄ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ်**
**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးအစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်သုံးဦးကိုအမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၅/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးအား ယှဉ်တွဲပါ အတိုင်းအစားထိုးပြောင်းလဲလိုက်သည် -

(က) **ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၅၁၄၃၃<br>ဗိုလ်ကြီးရန်အောင်ခိုင် | အစား | ကြည်း ၃၃၉၁၄<br>ဗိုလ်ကြီးတင်ကိုကို |

( ခ ) **ကယားပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၂၅၇၉၀<br>ဗိုလ်မှူးကြီးအောင်ကျော်မြင့် | အစား | ကြည်း ၃၀၂၁၆<br>ဗိုလ်မှူးကြီးဇင်မင်းထွဋ် |

( ဂ ) **ချင်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၅၄၁၉<br>ဗိုလ်မှူးအာကာကျော်မိုး | အစား | ကြည်း ၄၇၅၀၈<br>ဗိုလ်မှူးရန်အောင်ဖြိုး |

**(ပုံ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးအစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်

( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ လ ၁၄ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**ငါးဦးအစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၈ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၃/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၀၈၃၄<br>ဗိုလ်မှူးချုပ်ဝင်းကိုကို | အစား | ကြည်း ၂၅၀၆၅<br>ဗိုလ်မှူးချုပ်ခင်မောင်စိုး |
| ( ခ ) | လေ ၁၉၆၂<br>ဗိုလ်မှူးချုပ်မြင့်သောင်း | အစား | လေ ၂၂၁၄<br>ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်း |
| ( ဂ ) | ကြည်း ၃၄၇၁၁<br>ဗိုလ်မှူးတင့်လွင်အေး | အစား | ကြည်း ၅၅၃၉၈<br>ဗိုလ်မှူးဇင်ကိုဝင်း |
| (ဃ) | ကြည်း ၃၆၅၁၈<br>ဗိုလ်မှူးဇေယျာဝင်း | အစား | ကြည်း ၂၈၆၅၄<br>ဗိုလ်မှူးဇော်မင်းသိန်း |
| ( င ) | ကြည်း ၅၂၇၈၉<br>ဗိုလ်မှူးကျော်ဇင်ဝင်း | အစား | ကြည်း ၅၄၉၃၅<br>ဗိုလ်မှူးနိုင်ဝင်း |

**(ပုံ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/ ၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော် မရှင်အဖွဲ့ဝင်များ ဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီအချိန်တွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)၊ စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ်(၂/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## ဝါစေ့ဆီထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ နည်းပညာများဖြည့်တင်းပေးနိုင်ရေး ဆွေးနွေး



**မန္တလေး စက်တင်ဘာ ၁၄**

ပြည်တွင်းစားသုံးသူများအတွက် ဘေးကင်းပြီး အရည်အသွေးပြည့်မီသည့် ဝါစေ့ဆီသန့်ကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ခေတ်မီဆီသန့်စင်နည်းပညာများအသုံးပြု၍ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျအသုံးပြုပြီး အလေးထားဆောင်ရွက်သွားရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့်မန္တလေးတိုင်းဒေသကြီးအတွင်း ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝါစေ့ဆီလုပ်ငန်း စီမံချက်၊ ဝါစေ့ဆီကြမ်းမှ အဆင့်မြင့်စားသုံးဆီသန့်အဖြစ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းစီမံချက်၊ တိုင်းဒေသကြီးအတွင်း ဆီစက်လုပ်ငန်းများလည်ပတ်နေမှု၊ ဝါစေ့ဆီထုတ်လုပ်နိုင်ရန်အတွက်လိုအပ်သည့်ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ နည်းပညာများဖြည့်တင်းပေးနိုင်ရေး ရှင်းလင်းတင်ပြချက်များ၊ အတွေ့အကြုံများနှင့် ကြုံတွေ့နေရမှုများဆွေးနွေးမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# စားသုံးဆီအမျိုးအစားများနှင့် ပြည်သူလူထုကျန်းမာရေး

ဒေါက်တာအောင်ညွန့်ပိုင်

မြန်မာတို့၏နေ့စဉ်စားသောက်မှုမှာ ဆီသည် မရှိမဖြစ်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေသည်။ ဆီစိမ်မုန့်၊ ဆီပြန်ဟင်းဟူသော စကားအတိုင်း ဆီကိုအများစားသုံးတတ်သည့်အလေ့အထသည် မြန်မာ့လူနေမှုဘဝတွင် အမြစ်တွယ်နေခဲ့သည်မှာ ကြာပြီဖြစ်သည်။ သို့သော် ထိုအလေ့အထ၏နောက်ကွယ်တွင် ပြည်သူလူထုသတိမပြုမိဘဲ ခံစားနေရသည့်ရောဂါဝေဒနာများနှင့် အသက်အန္တရာယ်များစွာရှိနေသည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က အစဉ်တစိုက် သတိပေးနှိုးဆော်လျက်ရှိသည်။

လတ်တလောစာရင်းဇယားများအရ မြန်မာနိုင်ငံ၌ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးတိုးခြင်းနှင့် ဆီးချိုရောဂါကဲ့သို့သော မကူးစက်နိုင်သည့်ရောဂါများ (Non-Communicable Diseases - NCDs) ကြောင့် သေဆုံးရသူအရေအတွက်သည် စုစုပေါင်းသေဆုံးမှု၏ ၇၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာကြောင်း သိရသည်။ ထိုသို့ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းတွင် စားသုံးဆီကို မှားယွင်းစွာ ရွေးချယ်စားသုံးခြင်းက ထိပ်ဆုံးမှပါဝင်နေသည်။ ထို့ကြောင့် မိမိနှင့် မိမိ၏မိသားစု အန္တရာယ်ကင်းဝေးစေရန်အတွက် စားသုံးဆီများတွင် ပါဝင်သည့် အဆီအမျိုးအစားသုံးမျိုး၏ သဘာဝနှင့် ကောင်းကျိုး၊ ဆိုးကျိုးများကို သေချာစွာသိရှိနားလည်ထားရန် လိုအပ်သည်။

**မပြည့်ဝဆီ(ကျန်းမာရေးကို အထောက်အကူပြုသောအဆီ)**

စားသုံးဆီများတွင် အခြေခံအားဖြင့် ခန္ဓာကိုယ်အတွက် ကောင်းမွန်ပြီး ကျန်းမာရေးအရ အဆင့်မြှင့်တင်ပေးနိုင်သည့်အဆီကို မပြည့်ဝဆီဟုခေါ်သည်။ ပြည်သူများအနေဖြင့် ဤအဆီအမျိုးအစားကို ပိုမိုတိုးမြှင့်စားသုံးသင့်သည်။

မပြည့်ဝဆီသည် ခန္ဓာကိုယ်အတွက် ကောင်းမွန်သောသွေးတွင်းအဆီဓာတ် (HDL - High-Density Lipoprotein) ကို မြင့်တက်စေပြီး မကောင်းသောသွေးတွင်းအဆီဓာတ် (LDL - Low-Density Lipoprotein)ကို လျှော့ချပေးသည်။

မပြည့်ဝဆီစားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေနှင့် အမျိုးအစား -၂ ဆီးချိုရောဂါကဲ့သို့ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို သိသိသာသာလျှော့နည်းစေသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ သံလွင်ဆီကဲ့သို့သော အပင်မှရသည့်ဆီများနှင့် ငါးများမှရသောအဆီ (Omega-3 fatty acids) တို့တွင် မပြည့်ဝဆီအများဆုံးပါဝင်သည်။

**ပြည့်ဝဆီ(အတန်အသင့်သာ စားသုံးသင့်ပြီး လျှော့ချရမည့်အဆီ)**

ပြည့်ဝဆီသည် အလွန်အကျွံစားသုံးပါက ခန္ဓာကိုယ်အတွင်း ကျန်းမာရေးဆိုးကျိုးများကို မသိမသာသယ်ဆောင်လာတတ်သဖြင့် တတ်နိုင်သမျှ လျှော့ချစားသုံးရန် လိုအပ်သည်။

ပြည့်ဝဆီများကို လိုအပ်သည်ထက်ပိုမိုစားသုံးပါက ခန္ဓာကိုယ်အတွင်း မကောင်းသောသွေးတွင်းအဆီဓာတ် (LDL) များ လွန်ကဲစွာ မြင့်တက်လာစေသည်။ သွေးတွင်းအဆီဓာတ် မြင့်တက်လာခြင်းကြောင့် အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံများတွင် အဆီများကပ်ငြိကာ သွေးကြောများကျဉ်းမြောင်းလာခြင်း၊ နှလုံးသွေးကြောပိတ်ခြင်းနှင့် လေဖြတ်ခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်သည်။



မပြည့်ဝဆီ(ကျန်းမာရေးကို အထောက်အကူပြုသောအဆီ) အမျိုးအစားတွင်ပါဝင်သော နေကြာဆီ

စားအုန်းဆီ၊ တိရစ္ဆာန်မှရသောအဆီများ(ဝက်ဆီ၊ အမဲဆီ)၊ ထောပတ် (Butter)နှင့် ဆီကြော်မုန့်အမျိုးအစားများတွင် ပြည့်ဝဆီအများဆုံး ပါဝင်သည်။

**အသွင်ပြောင်းဆီ(လုံးဝရှောင်ကြဉ်ရမည့် အဆိပ်အတောက်ဆီ)**

အသွင်ပြောင်းဆီသည် အစားအသောက်များ ပုပ်သိုးမသွားဘဲ တာရှည်အထားခံရန်နှင့် အရသာပိုမိုကောင်းမွန်စေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ပေါင်းစပ်ထည့်သွင်းထားသော အဆီဖြစ်သည်။ အဆိုပါဆီသည် ကျန်းမာရေးအတွက် အဆိပ်အတောက်သဖွယ် အန္တရာယ်အရှိဆုံးဆီဖြစ်သည်။

အသွင်ပြောင်းဆီသည် ပြည့်ဝဆီထက်ပင် ခန္ဓာကိုယ်အတွင်း သွေးတွင်းအဆီ(Triglycerides)များကို ပိုမိုမြင့်တက်စေသည့်အပြင် ကောင်းမွန်သော သွေးတွင်းအဆီဓာတ်(HDL)ကိုပါ ကျဆင်းစေသည်။ ခန္ဓာကိုယ်တွင်း ရောင်ရမ်းမှုများဖြစ်ပေါ်စေခြင်း၊ အမျိုးအစား -၂ ဆီးချိုရောဂါဖြစ်ပွားစေခြင်း၊ နှလုံးသွေးကြောပိတ်၍ ရုတ်တရက် အသက်ဆုံးရှုံးစေခြင်းအပြင် နောက်ဆက်တွဲဆိုးကျိုးများစွာကိုပါ ခံစားရစေသည်။

အသင့်စား အစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ဘီစကွတ်၊ ကြက်ဥလိပ်၊ မာဂျရင်း (Margarine) နှင့် စက်ရုံထုတ်မုန့်မျိုးစုံတို့တွင် အသွင်ပြောင်းဆီပါဝင်သည်။

**စားသုံးဆီနှင့်ပတ်သက်၍ ပြည်သူများလိုက်နာရန် အကြံပြုချက်**

- မပြည့်ဝဆီ (မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ) ကို ဦးစားပေးရွေးချယ်စားသုံးပါ။
- ပြည့်ဝဆီ (စားအုန်းဆီ၊ တိရစ္ဆာန်အဆီ၊ ထောပတ်)ကို တတ်နိုင်သမျှ လျှော့ချပါ။
- အသွင်ပြောင်းဆီ (အာလူးကြော်၊ ကြက်ကြော်၊ စက်ရုံထုတ်မုန့်များ) စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။
- ဆီပြန်ဟင်းများနှင့် ဆီကြော်မုန့်များစားသုံးမှုကို မိသားစုလိုက် လျှော့ချပါ။
- ဆီဝယ်ယူရာတွင် စားသောက်ကုန်တံဆိပ်ပေါ်ရှိ အာဟာရတန်ဖိုး (Nutrition Facts) တွင် Trans Fat သုညရာခိုင်နှုန်းပါဝင်မှုကို စစ်ဆေးပါ။

စားအုန်းဆီနှင့် အသွင်ပြောင်းဆီများကို ရေရှည်စားသုံးခြင်းသည် ခန္ဓာကိုယ်ကို တဖြည်းဖြည်းချို့ယွင်းလာစေပြီး အောက်ပါရောဂါဆိုးများကို ဖိတ်ခေါ်ရာရောက်စေသည်။

**နှလုံးသွေးကြောကျဉ်းရောဂါ**

မကောင်းသောအဆီများ သွေးကြောအတွင်း စုပုံလာသောအခါ နှလုံးသို့ သွေးစီးဆင်းမှုပိတ်ဆို့ပြီး ရုတ်တရက်နှလုံးရပ်ခြင်း (Heart Attack) ဖြစ်ကာ အသက်ဆုံးရှုံးနိုင်သည်။

**လေဖြတ်ခြင်း**

ဦးနှောက်သို့သွားသော သွေးကြောများအတွင်း အဆီပိတ်ဆို့ခြင်း သို့မဟုတ် သွေးကြောပေါက်ခြင်း စသည်တို့ကြောင့် ကိုယ်တစ်ခြမ်းသေခြင်း၊ စကားမပြောနိုင်တော့ခြင်း စသည့်ဝေဒနာများကို ရေရှည်ခံစားရနိုင်သည်။

**ဆီးချိုရောဂါ**

အသွင်ပြောင်းဆီများသည် ခန္ဓာကိုယ်၏ အင်ဆူလင်ဟော်မုန်းတုံ့ပြန်မှုကို ပျက်စီးစေသဖြင့် သွေးတွင်းသကြားဓာတ်ကို မထိန်းချုပ်နိုင်ဘဲ ဆီးချိုရောဂါဖြစ်ပွားစေသည်။

**ကျန်းမာသောလူနေမှုဘဝသို့ ကူးပြောင်းနည်း**

**ဆီလျှော့စားပါ** - ဟင်းချက်ရာတွင် ဆီပြန်ဟင်းများအစား ဆီနည်းနည်းဖြင့် ချက်ပြုတ်ခြင်းနည်းလမ်းများကို အသုံးပြုပါ။

**ကြော်ပြီးသားဆီကို ထပ်မံမသုံးစွဲပါနှင့်** - တစ်ခါကြော်ပြီးသားဆီကို အကြိမ်ကြိမ်ပြန်လည်အသုံးပြုခြင်း(တစ်ကျော့ပြန်ဆီ)သည် အသွင်ပြောင်းဆီ(Trans Fat)ကို ပိုမိုထွက်ရှိစေသဖြင့် လုံးဝမပြုလုပ်သင့်ပါ။

**လတ်ဆတ်သောအစာများကို ရွေးချယ်ပါ** - စက်ရုံထုတ် အသင့်စားမုန့်များအစား လတ်ဆတ်သောအသီးအနှံများ၊ အခွံမာသီးများကို သရေစာအဖြစ် စားသုံးပါ။

နေ့စဉ်စားသုံးနေသည့် ဆီအမျိုးအစားသည် မိမိတို့၏အသက်အန္တရာယ်နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ ထို့ကြောင့် ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့ချပြီး အသွင်ပြောင်းဆီများကို လုံးဝရှောင်ကြဉ်ကာ မပြည့်ဝဆီများကိုသာ စနစ်တကျ ရွေးချယ်စားသုံးသင့်သည်။ မိမိနှင့် မိမိ၏မိသားစုဝင်များ ကျန်းမာအသက်ရှည်စေရန် နေ့စဉ်ချက်ပြုတ်စားသောက်မှုပုံစံကို အနည်းငယ်ပြောင်းလဲရုံဖြင့် ဆိုးရွားလှသော နှလုံးရောဂါနှင့် လေဖြတ်ခြင်းကဲ့သို့ ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# ဆီဆိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး

**ဆီဆိုင် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၃ ရက်က ဆီဆိုင်မြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ဆိုက်ခေါင်) ကျောင်းအုပ်ကြီး ဦးခွန်အောင်မာန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကြီးဒဲရယ်က စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဆိုက်ခေါင်) Grade- 10 မှ ကျောင်းသားတစ်ဦးက လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 မှ ကျောင်းသားတစ်ဦးက လူငယ်နှင့် ပညာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade- 8 မှ ကျောင်းသားတစ်ဦးက လူငယ်နှင့် စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကျောင်းသူတစ်ဦးက လူငယ်နှင့် အသိပညာဗဟုသုတများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-7 မှ ကျောင်းသူတစ်ဦးက လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပါဝင်ဆွေးနွေးသူများနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားပေး၍ အပြန်အလှန်ဗဟုသုတ ဖလှယ်နိုင်မည့် စင်မြင့်တစ်ခုအဖြစ် ဖန်တီးပုံဖော်ခဲ့ကြကြောင်း သိရသည်။



ရန်ကင်း

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော



**နတ်မောက် စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန စုပေါင်းခန်းမ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ဆုပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာမျိုးထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်သူက လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ လူကုန်ကူးသူများ အများဆုံး အသုံးပြုလုပ်ဆောင်နေသည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးသက်တိုးအောင်က လူကုန်ကူးမှုကျူးလွန်ပါက ချမှတ်နိုင်သည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူကုန်ကူးခံရခြင်းကြောင့်ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများ၊ ကာကွယ်ရမည့်နည်းလမ်းများကိုရှင်းလင်းဟောပြောသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ပြီး မြို့နယ်ရဲတပ်ဖွဲ့က မူခင်းကျဆင်းရေးအသိပညာပေး လက်ကမ်းစာစောင်များကို တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ဌာနဆိုင်ရာများအား ဖြန့်ဝေပေးကြောင်းသိရသည်။ **လှဝင်း**

---

**○ အာရှအားကစားပြိုင်ပွဲမှ**

၅ ဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ခြေစွမ်းရောကြွခိုင်မှုပိုင်းပါ ကိုယ့်ထက်သာသည့် တောင်ကိုရီးယားအသင်းကို ပွဲချိန်တစ်လျှောက်လုံး ခံစစ်အနေအထားဖြင့်သာယှဉ်ပြိုင်ခဲ့ရပြီး ဂိုးမပေးရရေးအသည်းအသန် ဖျက်ထုတ်ကာကွယ်နိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၂၈ မိနစ်အရောက်တွင် Kim Min Ji က တောင်ကိုရီးယားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူသွားသည်။ ဦးဆောင်ဂိုးရရှိပြီး မကြာမီ ပွဲကစားချိန် ၃၂ မိနစ်တွင်လည်း Kim Min Ji ကပင် ဒုတိယဂိုး၊ ပွဲကစားချိန် ၃၇ မိနစ်တွင် Jang Sel Gi က တတိယဂိုးများသွင်းယူနိုင်ခဲ့၍ တောင်ကိုရီးယားအသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ပထမပိုင်းတွင် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင်လည်း မြန်မာအသင်း ချေပဂိုးသွင်းယူဖို့ထက် ဂိုးထပ်မပေးရရေးသာ အလေးထားကစားခဲ့ရသည်။ ပယ်နယ်တီနှစ်ကြိမ်ခွင့်ပြုပေးရသော်လည်း ဂိုးမဝင်ခြင်းနှင့် မြန်မာဂိုးသမား မျိုးမြဖြိုးမြင့်မိုး ကာကွယ်နိုင်မှုတို့ကြောင့် သက်သာရာရခဲ့သည်။ တောင်ကိုရီးယားအသင်း၏ လျင်မြန်သောတိုက်စစ်၏ တိကျသောပေးပို့မှုများကြောင့် ပွဲကစားချိန် ၅၈ မိနစ်တွင် Kim Min Ji က စတုတ္ထဂိုးနှင့် ပွဲကစားချိန် ၇၇ မိနစ်တွင် Choe Yu Ri က ပဉ္စမဂိုးများ ထပ်မံသွင်းယူခဲ့ကြ၍ ပွဲအပြီးတွင် တောင်ကိုရီးယားအသင်းက ၅ ဂိုး ဂိုးမရှိဖြင့် မြန်မာအသင်းကို အနိုင်ရရှိသွားသည်။

မြန်မာအသင်းသည် စက်တင်ဘာလ ၁၇ ရက် ညနေ ၅ နာရီတွင် အုပ်စုဒုတိယပွဲစဉ်အဖြစ် မြောက်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဝန်းရံခ**

**➤ ရှေ့ဖုံးမှအဆက်**

ဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ တာမိုင် (၁၁/၅)နှင့်(၁၁/၆)ကြား Steel Cable Groyne (သံမဏိကြိုးအသုံးပြုရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ရော၀တီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

**❒ ကျောဖုံးမှအဆက်**

နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကိုချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသောနေကြာမျိုးစေ့များကို တောင်သူမှတောင်သူဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ထားသည်။

စစ်ကိုင်းမြို့နယ်၌ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများကို ယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့် ဒေသတွင်းစားသုံးဆီ ဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

**အိမ်ပြင်ပ၌ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မေတ္တာဂုဏ်

❖ လူနဲ့လူ အချင်းချင်း
ရိုင်းပင်းလို့ ဖေးမကူ။
အပြစ်တင် ရှုတ်ချမှု
မပြုညီတူ။
ဖယ်ခွာရှင်း မုန်းစိတ်ဟူ
စိတ်အပူ ကင်းစင်ဝေး။
သဘောဖြူ စိတ်မရိုင်းတော့
ရှုတိုင်းယဉ်ကျေး။

❖ ကောင်းကျိုးကို ရည်မြော်တွေး
ဖြူဖွေးစို့ နှလုံးသားတွေ။
တတ်သိပညာ ဂုဏ်ရောင်ဖြိုး
ကောင်းကျိုးပြုနေ။
ပညာအားဖြင့် တည်ဆောက်ပေ
ချစ်မိတ်ဆွေ ပေါင်းဖော်များ။
အတ္တပယ် ပရကိန်းပါမှ
ငြိမ်းအေးစေသား။

❖ ကိုယ့်ဂုဏ်ရည် တန်ဖိုးထား
လေးစားစို့ ကျင့်ဝတ်အရာ။
မနာလို ဝန်တိုကင်း
ချစ်ခြင်းကြင်နာ။
သူ့နေရာတွေး ကိုယ်ချင်းစာ
ဖြူစင်မေတ္တာ မွန်မြတ်ဆုံး။
ကိုယ့်ထက်သာ ပွားပီတိ
မုဒိတာပြုံး။ ။

**ချာန်လေး(ပညာရေး)**

---

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၆) တက်သိမ်းမြောက်ရပ်ကွက်ရှိ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် ကျင်းပရာ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့၊ မီးရထားရဲတပ်ဖွဲ့ခွဲ၊ ညောင်ဦးမြို့နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ စာရေးဝန်ထမ်းတို့ သွေးလှူဒါန်းနေမှုကိုတွေ့ရစဉ်။**

ဒီပါလင်း



**MWD Variety Channel**

၁၅-၉-၂၀၂၆(အင်္ဂါနေ့)

၁။ ၁၀:၃၀ ကျန်းမာသောဘဝ
၂။ ၁၁:၄၅ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူ ထုတ်လုပ်စို့
၃။ ၁၂:၂၀ ဥပဒေမှတ်စု
၄။ ၁၄:၄၀ ဖတ်ပါ မှတ်ပါ လေ့လာပါ

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကျင်းပ


တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ အင်းမမြို့ရှိနယ်မြေခံတပ်၌ ပြုလုပ်ရာ တပ်နယ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူ များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေး အတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်ပြေခက်ကမ်း၍လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက ၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှတာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆) မြို့နယ်ရှိ ရပ်ကွက် (၁၉)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ငဝန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်နိုင်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုများကြောင့်ငဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့ တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အဆိုပါ ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက်နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများ ချခြင်း၊ မျောတုတ်တန်းများ အတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများပြန်လည်ခိုင်မာရေးလုပ်ငန်းများကိုလူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

➢ **ကျောဖုံးမှအဆက်**

အရင်းအမြစ်များအသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁နာရီခွဲအချိန်ခန့်တွင် သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ တာလေ့ရပ်ကွက်၊ တာလေ့ဈေးအနီး၌ မျိုးမြင့်ဦး(ခ) မျိုးမင်းဦး ၃၀နှစ်၊ (ဘ) ဦးဖြူထွေး ပုန်းထွန်ရပ်ကွက်နေသူသည် တာလေ့ရပ်ကွက်၊ဦးအောင်ဇေယျလမ်းဘက်မှ အမှတ်(၁) မြန်မာ–ထိုင်းချစ်ကြည်ရေးတံတားထိပ်နာရီစင်အဝိုင်းအနီး လမ်းလျှောက်လာစဉ် မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေခဲ့ရာ ၎င်းလွယ်ထားသော လွယ်အိတ်အတွင်းမှ ကက်တမင်းအဆီရည် ၂၈၁ ဒသမ ၆ မီလီလီတာခန့်(ဒေသတန်ဖိုးငွေ ၈၈၄ ဒသမ ၈ သိန်းကျပ်)ခန့်အားတွေ့ရှိသိမ်းဆည်းရမိခဲ့သည်၊

ဖမ်းဆီးရမိသူ မျိုးမြင့်ဦး(ခ) မျိုးမင်းဦး၏ ဖြေကြားချက်အရ ၎င်းထံမှ သိမ်းဆည်းရမိသော ကက်တမင်းအဆီရည်များအား လှိုင်ဝင်းတင့် ၃၇နှစ် (ဘ)ဦးလှအောင်၊ ပါဆပ်ရပ်ကွက်၊ တာချီလိတ်မြို့နေသူထံမှ ပြန်လည်ရောင်းချရန်ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ လှိုင်ဝင်းတင့်၊ ၃၇နှစ် (ဘ)ဦးလှအောင်သည် ပစ္စည်းဖိုးငွေရယူရန်အတွက် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ J My King ဟိုတယ်ရှေ့တွင် စောင့်ဆိုင်းနေကြောင်း သိရှိရသဖြင့် ပူးပေါင်းအဖွဲ့များမှ မွန်းလွဲ ၁ နာရီ ၃၀မိနစ်ချိန်ခန့်တွင် သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ယာဉ်အမှတ်၊7L–7726 FORTUNER အမျိုးအစား၊ အနက်ရောင်ယာဉ်ဖြင့် တွေ့ရှိရသဖြင့် ထိန်းသိမ်းရှာဖွေစစ်ဆေးခဲ့ရာ ၎င်းနေအိမ်၌ မူးယစ်ဆေးဝါးများ ကျန်ရှိသေးကြောင်း ထွက်ဆိုသဖြင့် မွန်းလွဲ ၂ နာရီ ၄၀ မိနစ်ခန့်တွင် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အပေါ်ထပ်အိပ်ခန်းအတွင်းမှအစိမ်းရောင်ပလတ်စတစ်ခြင်းဖြင့် ထည့်ထားသည့် Polly Polar စာတန်းပါ ပန်းရောင်သံဘူးအတွင်းမှ အိုက်စ် သုည ဒသမ ဝ၄ ကီလိုဂရမ်ခန့်ဒေသတန်ဖိုးငွေကျပ် ၃၂ဝဝဝဝ ကျပ်ခန့်၊ ကက်တမင်း သုည ဒသမ ဝဝ၅ ကီလိုဂရမ်ခန့် ဒေသတန်ဖိုးငွေကျပ်၄၂၅ဝဝ ကျပ်ခန့် ပလတ်စတစ်အကြည်ဖြင့် ထည့်လျက် အဆင့်နိမ့်ဘိန်း သုညဒသမ ဝ၁၆ ကီလိုဂရမ် ဒေသတန်ဖိုးငွေကျပ် ၆၄ဝဝ ကျပ်ခန့်၊ အစိမ်းရောင်ပလတ်စတစ်ခြင်းအတွင်းမှ ကက်တမင်း အဆီရည် ၃ ဒသမ ၉၂ လီတာခန့် ဒေသတန်ဖိုးငွေကျပ်သိန်း ၁၁၇၆ဝ ခန့်၊ ကက်တမင်းအဆီ သုည ဒသမ ၈ မီလီလီတာဆီပါ Pop ခေါင်း ၁၅ခု ဒေသတန်ဖိုး ၃၆ သိန်းကျပ်ခန့်၊ စုစုပေါင်း ကက်တမင်းအဆီရည် ၃ ဒသမ ၉၃၂ လီတာ ကာလတန်ဖိုး ၁ ဒသမ ၁၇၉ ဘီလီယံခန့်နှင့် နေအိမ်အောက်ထပ် မီးဖိုခန်းအတွင်းမှ ဘိန်းစာရွက် ၁ ကီလိုဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၄ဝဝဝဝ ကျပ်ခန့်နှင့် ချောင်းဆိုးပျောက်ဆေးရည် ၃ လီတာခန့်၊ ဒေသတန်ဖိုး ငွေကျပ် ၁၅ဝဝဝဝ ကျပ်တို့အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မူးယစ်ဆေးဝါးရောင်းဝယ်သည့် တရားခံများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီး အမှုဖွင့်ဆောင်ရွက်ထားရှိကာ ဆက်စပ်တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ်ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Honorable Mr. TAKEI Shunsuke ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် ၁၉၅၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်ကစတင်၍ သံတမန်ဆက်သွယ်မှုရှိခဲ့ပြီး အစဉ်အလာကောင်းမွန်ကာ ချစ်ကြည်ရင်းနှီးမှု ခိုင်မာခဲ့သော မိတ်ဆွေနိုင်ငံများလည်းဖြစ်ကြပါကြောင်း၊ ထို့ပြင် မိမိတို့နှစ်နိုင်ငံသည် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အပြင် ပြည်သူအချင်းချင်းလည်း ရင်းနှီးကျွမ်းဝင်မှုရှိခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များပေါ်ပေါက်လာပါကြောင်း၊ မိမိတို့နိုင်ငံ၏လွှတ်တော်စနစ်သည် ဂျပန်နိုင်ငံလွှတ်တော်စနစ်ကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ရှိပါကြောင်း၊ မိမိတို့လွှတ်တော် အနေဖြင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များဖွဲ့စည်း၍ အခြားနိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ဂျပန်အောက်လွှတ်တော်နှင့်လည်း ချစ်ကြည်ရင်းနှီးစွာဆက်ဆံနိုင်ရေးအတွက် မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ အဆွေတော် ယခုကဲ့သို့ လာရောက်ခြင်းသည် မိမိတို့လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်ရန်အတွက် ပထမခြေလှမ်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် လွှတ်တော်ကဏ္ဍမှ စတင်ဆောင်ရွက်၍ရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ လူငယ်အမျိုးသမီးနှင့်နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် ကာလကြာရှည်စွာ ဆက်ဆံရေးကောင်းမွန်သည့် မိမိတို့နှစ်နိုင်ငံအတွက်ဆက်ဆံရေးပြန်လည်တိုးမြှင့်ရန်ဆောင်ရွက်မှုများသည် အခက်အခဲရှိလိမ့်မည်မဟုတ်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Honorable Mr. TAKEI Shunsuke က မိမိတို့နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့်အခါတွင် အေးချမ်းသာယာသော အခြေအနေများကို တွေ့မြင်ရပြီး ပြင်ပတွင်ဖြစ်ပေါ်နေသောသတင်းများနှင့် ကွာခြားလျက်ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်ရေး အဓိကကျသည့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာနိုင်ငံ၏သာယာလှပသော သဘာဝနှင့်ယဉ်ကျေးမှုများ လေ့လာနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းများကိုလည်း ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံမှ လုပ်သားဦးရေ တစ်သိန်းကျော်ရှိပြီး ကြိုးစားအားထုတ်မှုနှင့်ကောင်းမွန်သောအပြုအမူများကြောင့် နာမည်ကောင်းများ ရရှိထားပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့်လည်း Specified Skilled Worker (SSW) ကျွမ်းကျင်သည့် လုပ်သားစနစ်သစ်ဖြင့်အလုပ်သမားများခေါ်ယူရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိယခုလာရောက်သည့်ခရီးစဉ်ရည်ရွယ်ချက်မှာလည်း နှစ်နိုင်ငံခရီးသွားလုပ်ငန်းပြန်လည်စတင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူချင်း ထိတွေ့ဆက်ဆံမှု ပြန်လည် ခိုင်မာလာစေရေးတို့အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီဥက္ကဋ္ဌဒေါက်တာနန္ဒာလှမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဖြစ်သော စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ကျင်းပခဲ့ရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)ကျောင်းအုပ်ကြီး ဦးထိန်လင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



နယ်စပ်ရေးရာဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ အမှုထမ်းဝန်ထမ်းများအား အရည်အသွေးထက်မြက်ပြီး အတွေးအခေါ်မှန်ကန်မြင့်မားလာစေရန်၊ မိမိရာထူးအဆင့်နှင့်အညီ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ရုံသာမက ဆင်ခြင်တုံတရား ပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်လာစေရန်၊ သင်ကြားတတ်မြောက်ထားသော အတတ်ပညာများကို လက်တွေ့နယ်ပယ်တွင်အကျိုးရှိစွာအသုံးချနိုင်စေရန်၊ ဝန်ကြီးဌာနမှအားကိုးရသော ဝန်ထမ်းကောင်းများဖြစ်လာစေရန် ရည်ရွယ်ပြီး အဆိုပါသင်တန်းကို စက်တင်ဘာလ ၁၄ ရက်မှ နိုဝင်ဘာလ ၂၀ ရက်ထိ ရက်သတ္တ ၁၀ ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ




# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်



**ပဲခူး စက်တင်ဘာ ၁၄**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းက တစ်နိုင်ငံလုံး အမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ငါးဦးနှင့် ၆ ဘာသာဂုဏ်ထူးရရှိသူ ကိုးဦးအားလည်းကောင်း၊ တာဝန်ရှိသူများက ၆ ဘာသာ၊ ၅ ဘာသာနှင့် ၄ ဘာသာဂုဏ်ထူးရရှိသူများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးက မြန်မာတစ်နိုင်ငံလုံးတွင် အဆင့်(၁)မှ အဆင့်(၁၀)အတွင်း ထူးချွန်စွာ အောင်မြင်နိုင်ရေး စီမံဆောင်ရွက်ပေးသည့် ကျောင်းအုပ် ၃ ဦး၊ တိုင်းဒေသကြီးအဆင့် အကောင်းဆုံး ရရှိသည့် အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် မြို့နယ် ၃ မြို့နယ်အား ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။ ၎င်းနောက် ဆုရကျောင်းသား၊ ကျောင်းသူများ ကိုယ်စား တစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲအမှတ်အများဆုံး ပထမရရှိသော အထက-ကျောက်တံခါးမှ မစုမြတ်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ကျောင်းသား၊ကျောင်းသူများကတေးသီချင်းဖြင့် ကပြသီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင်တစ်နိုင်ငံလုံး၌ အမှတ်အများဆုံးငါးဦး၊ ၆ ဘာသာ ၂၅ ဦး၊ ၅ ဘာသာ ၇၄ ဦး၊ ၄ ဘာသာ ၂၂၅ ဦးရရှိကြကြောင်း သိရသည်။

(၄၁၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂ °C | / | ၃၅ °C |
| ရန်ကုန် | ၂၅ °C | / | ၃၅ °C |
| မန္တလေး | ၂၅ °C | / | ၃၆ °C |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


# လူသားတို့ဘဝပြည့်စုံဖို့ ပျားများကိုထိန်းသိမ်းစောင့်ရှောက်ကြပါစို့

မိပြည့်(မွေးသု)

### ကမ္ဘာကြီးအတွက်အရေးပါသော “ပျား”

ပျားများက ကျွန်ုပ်တို့ကို အသံဖြင့်မဟုတ်ဘဲ ၎င်းတို့၏တည်ရှိမှု၊ ကွယ်ပျောက်လာမှုနှင့် တဖြည်းဖြည်းချင်း လျော့နည်းလာနေသည့်အရေအတွက်တို့ဖြင့် အချက်ပေးစကားဖော်ပြနေကြသည်။ ပျားများသည် ကျွန်ုပ်တို့၏စိုက်ပျိုးရေးနှင့် စားရေရိက္ခာစနစ်ကို တိတ်တဆိတ်ကူညီပေးနေသူများဖြစ်သလို ဇီဝမျိုးစုံမျိုးကွဲများ၏ အဓိကအရေးပါသူများလည်းဖြစ်သည်။ သို့သော် ယနေ့အချိန်တွင် ဝတ်မှုန်ကူးပေးသည့်ပျားနှင့် အခြားအင်းဆက်ပိုးမွှားများသည် ကြီးမားသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(Food and Agriculture Organi–zation – FAO)က ဖော်ပြထားသည်။

ကမ္ဘာပေါ်ရှိအဓိကစားသုံးသီးနှံ(၁၁၅)မျိုးအနက် (၈၇)မျိုးသည် သီးနှံအောင်မြင်ဖြစ်ထွန်းနိုင်ရန် မဖြစ်မနေ ဝတ်မှုန်ကူးပေးဖို့လိုအပ်သည်။ ထိုသို့ ဝတ်မှုန်ကူးပေးနိုင်ရန်အတွက် ပျားနှင့်အခြား အင်းဆက်ပိုးများအပေါ်မှီခိုနေရသည်။ ထို့ပြင် ကမ္ဘာပေါ်ရှိတောရိုင်းပန်းပင်များ၏ ၉၀ ရာခိုင်နှုန်းခန့် (မျိုးစိတ်ပေါင်း ၃ သိန်းကျော်)သည်လည်း ဝတ်မှုန်ကူးပေးမည့် ကြားခံမရှိသောကြောင့် မျိုးပွားရန် မဖြစ်နိုင်ကြပါ။ အာဖရိက၊ အာရှနှင့် လက်တင်အမေရိကတိုက်တို့၌ တောင်သူများအပါအဝင် ကမ္ဘာ့လူဦးရေ ၁ ဒသမ ၄ ဘီလီယံခန့်သည် ဝတ်မှုန်ကူးခြင်းလုပ်ငန်းကိုအခြေခံသည့် အလုပ်အကိုင်နှင့် ဝင်ငွေအပေါ် မှီခိုနေကြရသည်ကို လေ့လာသိရှိရသည်။ အကယ်၍ ပျားများသည် ကမ္ဘာပေါ်မှ ကွယ်ပျောက်သွားပါက အစားအစာရှားပါးလာခြင်း၊ အာဟာရဓာတ်လျော့နည်းလာခြင်းနှင့် ဒေသတွင်းစီးပွားရေးများထိခိုက်လာခြင်းတို့ကို ရင်ဆိုင်ရမည်ဖြစ်သည်။ အထူးသဖြင့် အာဟာရချို့တဲ့မှုဒဏ်ခံစားနေရသောဒေသများ၌ စားရေရိက္ခာမလုံလောက်မှုနှင့် ရောဂါဘယများ ပိုမိုတိုးပွားလာမည်ဖြစ်သည်။




### ပျားများသည် ဘာကြောင့်အရေးကြီးတာလဲ

ပျားများသည် ကျွန်ုပ်တို့၏စားရေရိက္ခာစနစ်၌ မရှိမဖြစ်လိုအပ်သောအခန်းကဏ္ဍမှာ ပါဝင်နေသည်–

- ❖ **စားရေရိက္ခာထုတ်လုပ်မှု။** ကမ္ဘာ့သီးနှံများ၏ ၇၅ ရာခိုင်နှုန်းကျော်(သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် အခွံမာသီးများအပါအဝင်)သည် ပျားနှင့် အခြားဝတ်မှုန်ကူးပေးသော ပိုးများအပေါ်တွင် မှီခိုနေရသည်။
- ❖ **အစားအစာအရည်အသွေး။** ဝတ်မှုန်ကူးပေးခြင်းဖြင့် သီးနှံအထွက်နှုန်းတိုးရုံသာမက အာဟာရဓာတ်ပိုမိုပြည့်ဝပြီး အရည်အသွေးကောင်းမွန်သောအစားအစာများကို ရရှိစေသည်။
- ❖ **ဂေဟစနစ်၏ အချက်ပြစနစ်။** ပျားများ၏အခြေအနေကိုကြည့်ပြီး ပတ်ဝန်းကျင်နှင့် ရာသီဥတုပြောင်းလဲမှုအခြေအနေတွေကို ခန့်မှန်းနိုင်သည်၊ ဓာတုပိုးသတ်ဆေးအလွန်အကျွံသုံးစွဲသည့်စိုက်ခင်းများ၏ အနီးပတ်ဝန်းကျင်၌ ပျားများတည်ရှိမှုနည်းပါးသည်။ ပျားများတည်ရှိသည့်နေရာသည် လူသားများနေထိုင်ရန် ကောင်းမွန်သောအရပ်ဒေသလည်းဖြစ်သည်။

### သဘာဝတရားမှပေးသော ပျားထွက်ပစ္စည်း (၆)မျိုး

ပျားများသည် ဝတ်မှုန်ကူးပေးခြင်းဖြင့် သီးနှံအထွက်နှုန်းကို တိုးစေရုံသာမက သဘာဝကုန်ကြမ်းများကိုအခြေခံ၍ လူသားတို့အတွက် အဖိုးတန်လှသည့် ပျားထွက်ပစ္စည်း (၆)မျိုးကိုလည်း ထုတ်လုပ်ပေးသည် –




(၁) **ပျားရည်။** ပန်းဝတ်ရည်ကို ပျားများ၌ရှိသည့် အင်ဇိုင်းများနှင့် ပေါင်းစပ်စေခြင်းဖြင့်ရရှိသည်။ အားအင်ပြည့်ဝစေရန်နှင့် ဆေးဝါးအဖြစ်အသုံးပြုကြသည်။




(၂) **ပျားဝတ်မှုန်။** ပန်းပွင့်များရှိဝတ်မှုန်များကို ပန်းဝတ်ရည်၊ ပျားများ၏အင်ဇိုင်းများနှင့် ရောစပ်ကာ ပြုလုပ်ထားခြင်းဖြစ်သည်။ ပရိုတင်းနှင့် ဗီတာမင်ဓာတ်ကြွယ်ဝသဖြင့် အားဖြည့်စာအဖြစ် အသုံးပြုကြသည်။




(၃) **ပျားဖယောင်း။** ပျားများ၏ဝမ်းဗိုက်ရှိ ဂလင်းများမှထွက်ရှိပြီး ပျားအုံတည်ဆောက်ရာ၌ အသုံးပြုသည်။ အလှကုန်နှင့် ဖယောင်းတိုင်လုပ်ငန်းများတွင် အသုံးပြုကြသည်။





(၄) **ပျားကော်၊ ပျားစေး။** အပင်မှရသောအစေးများကို ပျားများ၏တံတွေးနှင့်ရောစပ်ပြီး ရရှိသည်။ ပိုးမွှားများကို တိုက်ဖျက်နိုင်သောကြောင့် သဘာဝပဋိဇီဝဆေးအဖြစ် လူသိများသည်။




(၅) **ပျားနို့။** ပျားဘုရင်မအတွက် ပျားလေးများကထုတ်လုပ်ပေးသည့် နို့နှစ်ရောင် အာဟာရအရည်ဖြစ်သည်။ အိုမင်းရင့်ရော်မှုကို တားဆီးပေးပြီး ကိုယ်ခံအားကို အထူးမြှင့်တင်ပေးနိုင်သည်။




(၆) **ပျားဆိပ်။** ပျားများ၏အဆိပ်အိတ်မှရရှိသည်။ အဆစ်အမျက်ရောင်ရောဂါနှင့် အာရုံကြောဆိုင်ရာကုထုံးများ၌ အသုံးပြုကြသည်။




### ယနေ့ရင်ဆိုင်နေရတဲ့ ခြိမ်းခြောက်မှုများ

လက်ရှိကာလ၌ ပျားကောင်အရေအတွက်နှင့် အခြားဝတ်မှုန်ကူးပေးသည့် အင်းဆက်ပိုးများ၏ အရေအတွက်သည် သိသိသာသာလျော့နည်းလာနေကြသည်။ အဓိကအကြောင်းရင်းများမှာ–

- ❖ မြေအသုံးချမှုကြောင့် နေရင်းဒေသများ ပျောက်ဆုံးလာခြင်း
- ❖ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲခြင်း
- ❖ ပိုးမွှားနှင့်ရောဂါများကြောင့် သေဆုံးခြင်း
- ❖ ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု စသည်တို့ကြောင့်ဖြစ်သည်။

### ကျွန်ုပ်တို့ ဘာလုပ်နိုင်သလဲ

ကျွန်ုပ်တို့တစ်ဦးချင်းစီအနေဖြင့် အောက်ပါကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်သည်–


- ❖ **သဘာဝပန်းပင်များ စိုက်ပျိုးပါ။** ပန်းပင်များကိုစိုက်ပျိုးခြင်းဖြင့် ပျားများအတွက် အစာနှင့် နေထိုင်ရန်နေရာကို ဖန်တီးပေးပါ။
- ❖ **ဓာတုပိုးသတ်ဆေးများ ရှောင်ကြဉ်ပါ။** အထူးသဖြင့် ပန်းပွင့်ချိန်များ၌ ပျားများကို အဆိပ်သင့်စေမည့် ဓာတုဆေးဝါးများသုံးစွဲမှုကိုရှောင်ကြဉ်ပါ။
- ❖ **ဒေသထွက်ပျားရည်ကို အားပေးပါ။** စနစ်တကျထုတ်ယူထားသည့် ဒေသတွင်းပျားမွေးမြူရေးသမားများထံမှ ပျားရည်ကို ဝယ်ယူအားပေးပါ။
- ❖ **ပညာပေးခြင်းနှင့် စည်းရုံးခြင်း။** ပျားများ ဘေးကင်းစွာနေထိုင်နိုင်မည့် ဥယျာဉ်လေးများဖန်တီးရန် တိုက်တွန်းနှိုးဆော်ပေးပါ။

### လူသားတို့ကို သဘာဝအာဟာရဖြည့်ဆည်းပေးသော “ပျား”

ပျားများသည် အရွယ်အစားသေးငယ်သော်လည်း ကမ္ဘာကြီးအပေါ်သက်ရောက်မှုမှာ အလွန်ကြီးမားသည်။ ပျားများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးများကို လျော့ကျအောင်ဆောင်ရွက်ပေးနိုင်သည့် သူရဲကောင်းများဖြစ်ကြသည်။ ပျားများကို ကာကွယ်စောင့်ရှောက်ခြင်းသည် မျိုးစိတ်တစ်ခုကိုကယ်တင်ခြင်းထက်ပိုမိုနက်ရှိုင်းပြီး ကျွန်ုပ်တို့၏အနာဂတ်ကို လုံခြုံအောင်တည်ဆောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ပျားများ၏ရှင်သန်မှုအတွက် လက်တွေ့ကျသောလုပ်ဆောင်ချက်များဖြင့် ဝိုင်းဝန်းပူးပေါင်းကြပါရန် တိုက်တွန်းအပ်သည်။ အချုပ်အားဖြင့်ဆိုရသော် ပျားများကိုကာကွယ်စောင့်ရှောက်ရန် အစိုးရအဖွဲ့အစည်းတွင်သာမကဘဲ ကျွန်ုပ်တို့တစ်ဦးချင်းစီမှာလည်း တာဝန်ရှိသည်။ ဓာတုပိုးသတ်ဆေးသုံးစွဲမှုကိုလျှော့ချခြင်း၊ ပျားများအတွက် အကျိုးပြုအပင်များစိုက်ပျိုးခြင်းဖြင့် ပျားများ၏အနာဂတ်၊ ကျွန်ုပ်တို့၏အနာဂတ်များ လှပရန်နှင့် သဘာဝအာဟာရများကို ဆက်လက်ဖြည့်ဆည်းပေးနိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။




ကိုးကားချက်
World Bee Day 2025, Article of Food and Agriculture Organization



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၂)ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့ ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီးထွန်းမြင့်ထွန်း ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အောက်ကျောင်းကျေးရွာရှိ အောက်ကျောင်း သမုဒ္ဒဂီရိမြစေတီ ဘုရားပရိဝုဏ်အတွင်း၌ ရင်ပြင်တော်သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ချုံနွယ်များ၊ ပေါင်းမြက်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ်။

မောင်မောင်(မင်းဘူး)

# ထောပတ်သီးစိုက်ပျိုးသောတောင်သူများအား GAP စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်

**ဟိုပုံး စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် အထူးဒေသ-၆ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန (ဗဟို) တို့ပူးပေါင်း၍ ထောပတ်သီးနှံကို အရည်အသွေးပြည့်မီပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ နိုင်ငံတကာဈေးကွက်ဝင် အရည်အသွေးစံနှုန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေး နည်းပညာပေးသင်တန်းကိုစက်တင်ဘာလ ၁၃ ရက်က ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသ ဒုံလိတန်ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းမှ



ထောပတ်သီးနှံစိုက်ပျိုးထုတ်လုပ်မှုအကြောင်းအရာများနှင့်လုပ်ငန်းစဉ်များကိုရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းဝင်းမှ သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရှမ်းပြည်နယ် မြေအသုံးချရေးတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မိုးက စိုက်ပျိုးမြေဆီလွှာများနှင့်ပတ်သက်၍ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းမှ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ (Good Agricultural Practices–GAP) နည်းစနစ်နှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါနည်းပညာပေးသင်တန်းသည် ထောပတ်သီးစိုက်ပျိုးသောတောင်သူများ၏ GAP ဆိုင်ရာအသိပညာနှင့် နည်းပညာစွမ်းရည်များ မြှင့်တင်ပေးနိုင်ရန်၊ အရည်အသွေးမြင့်မား၍ ဘေးအန္တရာယ်ကင်းရှင်းသည့် ထောပတ်သီးများထုတ်လုပ်နိုင်ရန်နှင့်ပြည်ပဈေးကွက်၏ အရည်အသွေးစံနှုန်းများနှင့်ကိုက်ညီသည့် ထုတ်ကုန်များရရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပြီး GACC မှတ်ပုံတင်ခြင်းဆိုင်ရာ လိုအပ်ချက်များကို စနစ်တကျ ပြင်ဆင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသထွက် ထောပတ်သီးများကို တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်ရေးတို့အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ကဝမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာဆွေးနွေးပွဲကျင်းပ

**ကဝ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပိုင်းဆိုင်ရာ ဆွေးနွေးပွဲကို စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် ငါးထပ်ကြီးဘုရားရင်ပြင်တော်ပေါ်၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးရဲကိုကိုနှင့် ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ အလေ့အထကောင်းများအား စနစ်တကျလိုက်နာကျင့်သုံးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာနှင့် စိုက်ပျိုးစနစ်များ၊ မြေဆီလွှာစမ်းသပ်ခြင်းနှင့် သဘာဝဓာတ်မြေဩဇာ ညီညွတ်မျှတစွာသုံးစွဲခြင်း၊ ရာသီဥတုဒဏ်ခံနိုင်သော သီးနှံမျိုးကောင်းမျိုးသန့်များရရှိစေရေးနှင့် ပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းပညာများနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသောတောင်သူများမှ သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)


# အိမ်မဲမြို့နယ်တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**အိမ်မဲ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများတွေ့ဆုံ၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် အိမ်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်က အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာများအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက သက်ဆိုင်ရာကဏ္ဍ



အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ကြုံတွေ့နေရသည့်အခက်အခဲများနှင့် လိုအပ်ချက်များကို ပြန်လည် ဆွေးနွေးတင်ပြကြကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

# နေကြာသီးနှံအား သီးထပ်စိုက်ပျိုးခြင်း နည်းပညာပေးသင်တန်းဖွင့်လှစ်

**ကျွန်းလှ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် မိုးစပါးရိတ်သိမ်းပြီး နေကြာသီးနှံသီးထပ်စိုက်ပျိုးခြင်း နည်းပညာပေးသင်တန်းကိုစက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက နေကြာသီးနှံကို သီးထပ်အဖြစ် မိုး၊ ဆောင်းရာသီ မရွေးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးရာတွင် မြေအမျိုးအစားနှင့် မြေယာပြုပြင်ခြင်း၊ မျိုးနှင့် စိုက်နည်းစနစ်မှန်ကန်ခြင်း၊ သွင်းအားစုထည့်သွင်းအသုံးပြုခြင်းနှင့် အပင်ပြုစုစောင့်ရှောက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း



နှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းလှမြို့နယ်အတွင်း မိုးစပါးစံပြကွက်နှင့် မျိုးစေ့ထုတ်ကွက် စိုက်ပျိုးသည့် တောင်သူများအား ယူရီးယားနှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၅၉ အိတ်ရောင်းချပေးသည်။

အဆိုပါသင်တန်းသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် (ဒုတိယအကြိမ်) ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပခုက္ကူ စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်(ဒုတိယအကြိမ်) အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာလ ၁၃ ရက် နံနက်ပိုင်းတွင် မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်စန်းယုမော်က အစည်းအဝေးပြုလုပ်ရခြင်း ရည်ရွယ်ချက်များအကြောင်းရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိဒေါ်ချိုချိုမာက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်လုပ်ငန်းစဉ်များ၊ ထည့်သွင်းကျင်းပမည့်ပြိုင်ပွဲ၊ ပြပွဲနှင့် စကားဝိုင်းများအကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာသည့် အခြေခံပညာကျောင်းများမှတာဝန်ခံကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြပြီး ပွဲတော်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကယားပြည်နယ်အတွင်း မိုးရာသီသီးနှံစိုက်ပျိုးမည့်တောင်သူများအား ချေးငွေပေးအပ်

**လွိုင်ကော် စက်တင်ဘာ ၁၄**

ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မိုးရာသီသီးနှံစိုက်ပျိုးမည့် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် လွိုင်ကော်မြို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။




ချေးငွေပေးအပ်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် အတူ မိုးသီးနှံစိုက်ပျိုးမည့်ပြည်နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာမှ တောင်သူ ၆၉ ဦး၏ မိုးသီးနှံ ၄၅၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ချေးငွေကျပ် ၂၂၇ သန်း ပေးအပ်ရာ တောင်သူအစုအဖွဲ့များက လက်ခံရယူကြသည်။

ထို့ပြင် တက်ရောက်လာသည့် တောင်သူများကစိုက်ပျိုးရေးအတွက် လိုအပ်သည်များ တင်ပြဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးရုံး ရုံးဝင်းအတွင်းရှိ ဓာတ်မြေဩဇာသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးပြီး ပျက်စီးဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းရန်နှင့် တောင်သူများသို့ စနစ်တကျဖြန့်ဝေပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ကယားပြည်နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်) မှ စိုက်ပျိုးရေးကဏ္ဍအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်က စတင်ထုတ်ချေးပေးခဲ့သည့် ချေးငွေကျပ် ၅၉၈၈ ဒသမ ၆၅ သန်းရှိပြီဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံခရီးသွား လုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၄**

ဗီယက်နမ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်စေရန် ဗီယက်နမ်နိုင်ငံမှ ခရီးသွားကုမ္ပဏီများနှင့် သတင်းမီဒီယာများပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) များ စီစဉ်ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် ခရီးစဉ်ဒေသများကို ပို့ဆောင်ပေးခြင်းဖြင့် ဧည့်သည်များအနေဖြင့် ခရီးစဉ်ဒေသများ၏ သာယာလှပမှု၊ လုံခြုံစိတ်ချရမှု၊ သဘာဝအရင်းအမြစ်များပေါကြွယ်ဝမှု စသည့်နိုင်ငံ၏ ပကတိအခြေအနေမှန်များကို မျက်မြင်ကိုယ်တွေ့သိရှိပြီး ယုံကြည်စိတ်ချစွာ လာရောက်လည်ပတ်နိုင်ကြမည်ဖြစ်ကြောင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့အတူ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများအပြန်အလှန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းရှင်များ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် မြန်မာနိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး လာရောက်လည်ပတ်စေရေး ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

အလားတူ အစည်းအဝေးသို့ Online မှပါဝင်တက်ရောက်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ ဂုဏ်ထူးဆောင်ကောင်စစ်ဝန် Ms. LE NGUYEN NGOC TRINH၊ ဗီယက်နမ်နိုင်ငံမှ ခရီးသွားကုမ္ပဏီများနှင့် ဗီယက်နမ်လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက နှစ်နိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်မှု ဖော်ဆောင်နိုင်ရန် အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ MAI လေကြောင်းလိုင်းမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြု ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ကမ္ဘာ့အဆင့် ISSCA Award 2026 ဆု ဆွတ်ခူးရရှိ




**နေပြည်တော် စက်တင်ဘာ ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) သည် အပြည်ပြည်ဆိုင်ရာ အပူပိုင်းသီးနှံသုတေသန အဖွဲ့အစည်း (ICRISAT) က ကြီးမှူးကျင်းပသည့် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် Drylands Congress 2026 ညီလာခံတွင် ICRISAT Centre of Excellence for South-South Cooperation in Agriculture (ISSCA)- ISSCA Award 2026 ၏ "Crop Improvement & Production Technologies" ကဏ္ဍတွင် ကမ္ဘာ့အဆင့်ဆုကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာလ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် Drylands Congress 2026 ညီလာခံတွင်ကျင်းပခဲ့ပြီး ဆုရရှိသူများကို စက်တင်ဘာလ ၁၂ ရက်တွင်တရားဝင်ကြေညာ၍ ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် "Early-Maturing Cultivars, Climate-Smart Crop Varieties of Chick pea, Pigeon pea and Groundnut for Myanmar's Dryland Farmers" ဟူသည့် သုတေသနနှင့် နည်းပညာဆန်းသစ်တီထွင်မှုဖြင့် အဆိုပါဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါသုတေသနလုပ်ငန်းတွင် မြန်မာနိုင်ငံ၏ မိုးရေနည်းပါးသည့်ဒေသများ/ခြောက်သွေ့ဒေသများရှိ တောင်သူများအတွက် သီးနှံသက်တမ်းတို၍ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိသည့် ကုလားပဲ၊ ပဲစင်းငုံနှင့် မြေပဲမျိုးသစ်များ ဖော်ထုတ်ရေးနှင့် သင့်လျော်သည့် သီးနှံထုတ်လုပ်မှုနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်ထားခြင်းဖြစ်သည်။

ယင်းနည်းပညာများသည် ရာသီဥတုပြောင်းလဲမှု၊ မိုးရေရှားပါးမှုနှင့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်နေရသည့် အပူပိုင်းဒေသရှိ တောင်သူများအတွက် သီးနှံထုတ်လုပ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ရာသီဥတုဆိုင်ရာအန္တရာယ်များကို လျော့ချနိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ISSCA Award သည် စိုက်ပျိုးရေးကဏ္ဍတွင် ကမ္ဘာ့တောင်ဘက်ခြမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်းအကြား အရင်းအမြစ်များ၊ နည်းပညာများ၊ အသိပညာများနှင့် ကျွမ်းကျင်မှုများကို အပြန်အလှန်ဖလှယ်ကြခြင်း (South-South Cooperation) မှတစ်ဆင့် ထူးခြားသည့်သုတေသန၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများကို အသိအမှတ်ပြုချီးမြှင့်သည့် ဆုတစ်ရပ်ဖြစ်သည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ နိုင်ငံတကာအဆင့် အသိအမှတ်ပြုဆုရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုအတွက် ထင်ရှားသည့်အောင်မြင်မှုတစ်ရပ်ဖြစ်ပြီး ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် သီးနှံမျိုးသစ်များနှင့် ထုတ်လုပ်မှုနည်းပညာများ ဆက်လက်ဖော်ထုတ်နိုင်ရေးအတွက် အားသစ်တစ်ရပ်ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မျိုး(မြဝတီ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ဥတ္တရသီရိမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာများအတွင်းရေဝင်ရောက်



**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တံခွန်တိုင်ချောင်းရေမြင့်တက်လာပြီး ဥတ္တရသီရိမြို့နယ် သရက်တောကျေးရွာအုပ်စု ပိုးစာတောကျေးရွာအတွင်းသို့ ယနေ့ညနေ ၅ နာရီတွင် ရေဝင်ရောက်မှုဖြစ်ပွားခဲ့ရာ လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရသေဆုံးခြင်းမရှိကြောင်း သိရသည်။


အလားတူ မိုးစွေကျေးရွာအုပ်စု ပန်းတင်ကျေးရွာတွင်လည်း လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျပြီး ဆက်သွယ်ရေးတိုင်၊ လျှပ်စစ်မီးတိုင်ကျိုးပျက်မှုဖြစ်သောကြောင့် တာဝန်ရှိသူများက ဝိုင်းဝန်းရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**





ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံစဉ်။





ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံစဉ်။



ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံစဉ်။



ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံ၍ ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအား တွေ့ရစဉ်။

→ ရှေ့ဖုံးမှအဆက်

အလေးထား ဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများ ရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအားအပြီးတိုင်ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး ဆက်သွယ်ရေး လမ်းကြောင်းများအား အပြည့်အဝ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့မှုအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် ဝမ်းသာအားရ ကြိုဆို ထောက်ခံလျက်ရှိကြပြီး စိတ်အား ထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့် နီးစပ်ရာနယ်မြေခံ တပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဝင်များအား တိုင်းစစ်ဌာနချုပ် အသီးသီး၌ စနစ်တကျ ကြိုဆိုလက်ခံခဲ့ကြပြီး အလင်းဝင်ရောက်လာသူများအား တာဝန်ရှိသူများက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်နက်၊ ခဲယမ်းများအတွက် ထိုက်တန်သည့် ဆုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် သဘောထားအမှန်ကိုသဘောပေါက်နားလည်ပြီး ၂၀၂၁ ခုနှစ်မှစ၍ ယနေ့အထိ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအနေဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး ၃ ဦး၊ စုစုပေါင်း ၁၃၇ ဦး၊

စာမျက်နှာ ၁၆ သို့ →





ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံ၍ ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများကကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။



➜ စာမျက်နှာ ၁၅ မှ

လက်နက်မျိုးစုံ ၄၄ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉၀ ဦး၊ အမျိုးသမီး ၂၀၄ ဦး၊ စုစုပေါင်း ၈၉၄ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင်အမျိုးသား ၂၉၆ ဦး၊ အမျိုးသမီး ၂၉ ဦး၊ စုစုပေါင်း ၃၂၅ ဦး၊ လက်နက်မျိုးစုံ ၉၀ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၄ ဦး၊ လက်နက်ငယ် ၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၁၅၄ ဦး၊ လက်နက်မျိုးစုံ ၄၈ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၁၁ ဦး၊ စုစုပေါင်း ၈၀ ဦး၊ လက်နက်မျိုးစုံ ၂၇ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၇၀ ဦး၊ အမျိုးသမီး ၂၈ ဦး၊ စုစုပေါင်း ၁၉၈ ဦး၊ လက်နက်ငယ်

ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံ၍ ဆုကြေးငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။

နိုင်ထေ့ခြင်း၊ နိုင်ငံရေးကိုကြွေးကြော်၍လက်နက်ကိုင်ဆောင်ခဲ့သော်လည်း ကိုယ်တိုင်အကြမ်းဖက်သမားဘဝကို ရောက်ရှိနေကြောင်း သိမြင်လာခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် **စာမျက်နှာ ၁၈ သို့ ➜**





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။

၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၇ ဦး၊ အမျိုးသမီး ၅ ဦး၊ စုစုပေါင်း ၁၅၂ ဦး၊ လက်နက်မျိုးစုံ ၃၅ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၂ ဦး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၅၃၂ ဦး၊ အမျိုးသမီး ၄၈ ဦး၊ စုစုပေါင်း ၅၈၀ ဦး၊ လက်နက်မျိုးစုံ ၁၃၃ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၆၄၅ ဦး၊ အမျိုးသမီး ၂၈၁ ဦး၊ စုစုပေါင်း ၂၉၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂၉ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၁၉ ဦး၊ စုစုပေါင်း ၁၇၁ ဦး၊ လက်နက်မျိုးစုံ ၆၀ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဝင်ရောက်လာခဲ့ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာမှုအနေဖြင့် အမျိုးသား ၅၀၃၆ ဦးနှင့် အမျိုးသမီး ၆၃၆ ဦး၊ စုစုပေါင်း ၅၆၇၂ ဦး ဖြစ်ပြီး လက်နက်မျိုးစုံ ၆၉၂ လက် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ ၎င်းတို့ကိုယ်တိုင်ဖန်တီးခဲ့သော နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ ယုတ်မာစွာဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ သွေးဆောင်စည်းရုံးမှု ငွေကြေးဆိုင်ရာ မက်လုံးပေးမှုများနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့ထံ ဝင်ရောက်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံ



နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအား တွေ့ရစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအားတွေ့မြင်ရစဉ်။

➜ စာမျက်နှာ ၁၇ မှ

ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကိုဖော်ဆောင်လိုသည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ကြရန်နှင့် ထိုသို့ဆက်သွယ်သတင်းပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင်ထဲရောက်ခဲ့ပါတယ်၊ ကျွန်တော် PDF ထဲရောက်ရောက်ချင်း အခြေခံသင်တန်း ၄လ နဲ့ အထူးကွန်မန်ဒိုသင်တန်း ၄ လကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့နောက်ပိုင်းမှာ တပ်စိတ်မှူးဖြစ်ခဲ့ပါတယ်၊ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့နေရာကတော့ ပုလောနယ်တစ်ခွင်မှာ လှုပ်ရှားသွားလာရပါတယ်၊ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်၊ အလုပ်ကြမ်းတွေ လုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက်အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့နေရာမှာဆိုရင်လည်း ကျွန်တော်တို့ PDF တွေကပဲ အဓိက လုပ်ကိုင်ရပါတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာနေတာများပါတယ်။ တချို့ဆိုရင် ဂိတ်ကြေးတွေကောက်တယ်။ ဆက်ကြေးတွေကောက်တယ်။ တချို့တွေဆိုရင်လည်း ထိုင်းထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်၊ တချို့ခေါင်းဆောင်တွေကတော့စီးပွားရေးသမားတွေများလာတာကို သိရှိလာရပါတယ်၊ ကျွန်တော်တို့တွေကတော့ တောထဲမှာ ပင်ပင်ပန်းပန်းဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးတော့နေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးတော့နေရတာ များပါတယ်၊ အမြဲတမ်းကြောက်လန့်တဲ့ စိတ်တွေနဲ့ နေရတာလည်းများပါတယ်။ ကျွန်တော်ထွက်ပြေးဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ အခုမှပဲ လွတ်မြောက်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့သေနတ်ကို ခိုးယူပြီးတော့ တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလို အလင်းဝင်လိုက်ပြီး နောက်ပိုင်းမှာ ကျွန်တော် ကောင်းကောင်းမွန်မွန်နေထိုင်ရတယ်။ ကောင်းကောင်းမွန်မွန်စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှုခံစားခွင့်တွေကိုလည်း ပြန်လည်ရရှိပါတယ်၊ အဲဒီအတွက် ကျွန်တော်နိုင်ငံတော်နဲ့ တပ်မတော်အပေါ်အထူး ကျေးဇူးတင်ပါတယ်။ တောထဲမှာကျန်ရစ်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ၊ အပေါင်းအသင်းPDF တွေကိုလည်း အမြန်ဆုံးအလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ပြောသည်။

"မြင်းခြံ BLACK TIGER မှာ တာဝန်ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေး ခေါင်းဆောင်ပါ။ ဒီတော်လှန်ရေး စလုပ်ခဲ့တာကတော့ ၁၄နှစ်ကနေ စလုပ်ခဲ့တာပါ။ ပြောရရင် ၂၀၂၂ ခုနှစ်ကနေ စလုပ်ခဲ့တာပါ။ ရောက်ရောက်ချင်းမှာသင်တန်းတက်ရပါတယ်။ သင်တန်းဆင်းပြီးတော့ ရှေ့တန်းတန်းသွားရပါတယ်၊ ရှေ့တန်းမှာ မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင်အနေနဲ့နေခဲ့ပါတယ်၊ တိုက်ပွဲပေါင်းစုံနဲ့တိုက်ခဲ့ပါတယ်။ နေရာပေါင်းစုံလည်း သွားခဲ့ရပါတယ်။ နေရာပေါင်းစုံ သွားခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အထက်ဖား အောက်ဖိများခဲ့ပါတယ်။ ခေါင်းဆောင်တွေ တော်တော်များများကတော့ ဆေးခြောက်၊ WY ဆေးချပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေ သုံးစွဲပါတယ်၊ ပြောရရင် ရဲဘော်တွေပဲအောက်မှာနေပြီးတော့ လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

"ကျွန်မအကြမ်းဖက်အဖွဲ့အစည်းထဲကို စဝင်ခါစက ကျွန်မအသက်က ၁၅ နှစ်ပဲရှိပါသေးတယ်၊ အကြမ်းဖက်အဖွဲ့အစည်းထဲကို ဝင်သွားတဲ့အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကိုလာပြီးတော့ စည်းရုံးရေးဆင်းတယ်၊ ဟောပြောပွဲတွေလုပ်တယ်၊ တစ်အိမ်တစ်ယောက်မဝင်မနေရတဲ့ ပုံစံမျိုးတွေနဲ့ကောက်ခံတယ်၊ သူတို့တစ်အိမ်တစ်ယောက်မှ မလိုက်လို့ရှိရင် မိသားစုတွေကို ဒုက္ခပေးမယ်၊ အဖေ၊ အမေတွေကိုသတ်ပစ်မယ်ဘာညာနဲ့ ပြောတော့ ကျွန်မတို့လည်း ကြောက်ပြီးတော့ အဲဒီထဲကိုဝင်သွားတာ ဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့လည်းထက်သက်ဈေးတွေနဲ့ကောက်ခံတယ်။ ဆီပီပါထက်ဝက်ဈေးနဲ့ ကောက်ခံလို့ တချို့ပြည်သူတွေဆို မပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင် ဆီပီပါတွေဆွဲချတာတွေရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေရှိတယ်။ အဲဒါကြောင့်မို့ တချို့ပြည်သူတွေဆိုရင်လည်း သံသယအနေနဲ့ခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်၊ ရိုက်နှက်တယ်။ လက်သည်း၊ ခြေသည်းခွံတွေကိုခွာတယ်။ ခေါင်းတွေကို ရေနွေးပူတွေနဲ့လောင်းတယ်၊ သူတို့ပြောတာကျပြည်သူသာအမိပြည်သူသာအဖဆို သူတို့လုပ်နေတာတွေနဲ့ သူတို့ပြောနေတာတွေက လက်တွေ့မှာတခြားစီပဲ။ ကျွန်မတို့ရဲဘော်တွေဆိုရင်လည်း တန်းတူဘာမှလည်းမရဘဲနဲ့ လုပ်ကိုင်နေရပါတယ်၊ တပ်မတော်က တိုက်ခိုက်မှုလာပြီဆိုလည်း သူတို့ကားတွေမောင်းပြီး သူတို့ ခေါင်းဆောင်တွေကပြေးပါတယ်၊ ရဲဘော်တွေသေသေကျေကျေထားခဲ့ပါတယ်။ သူတို့လက်နက်တွေအကုန်လုံးယူပြီးတော့ ပြေးပါတယ်။ ကျွန်တော် ဒီထဲကို အလင်းဝင်လာတာ သူတို့ ယုတ်မာရိုင်းစိုင်းနှိပ်စက်တာတွေကြောင့် ကျွန်တော် အလင်းဝင်လာတာ ဖြစ်ပါတယ်။ ကျွန်တော်ဒီလို အလင်းဝင်လာတဲ့အချိန်မှာ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ သူတို့ ပြောတဲ့အတိုင်း သတ်မယ်၊ ဖြတ်မယ်၊ သူတို့ဘက်က ပြောတဲ့အတိုင်းမဟုတ်ပါဘူး။ နောက်လာမယ့် ညီအစ်ကိုတွေလည်း ညီလေးတွေ၊ မောင်နှမတွေ အကုန်လုံးလည်း အစည်းထဲကိုရောက်တော့ ကျွန်မတို့ စစ်သင်တန်း ၃ လ တက်ရတယ်၊ စစ်သင်တန်း ၃ လမှာဆိုရင်လည်း ဆေးဝါးလုံလောက်မှုမရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့လူတွေ အဲ့ဒီဒဏ်ကို မခံနိုင်လို့ ထွက်ပြေးတဲ့သူတွေလည်းရှိတယ်။ ထွက်ပြေးလို့ မိလို့ရှိရင်လည်း သူတို့က သတ်ပစ်တယ်၊ ရိုက်နှက်တယ်၊ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လည်း ကြောက်ပြီးတော့ စစ်သင်တန်းကို ကျွန်မတို့ ပြီးဆုံးအောင် တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေးကားလမ်းမကြီးမှာ ဂိတ်ကင်းစောင့်ရတယ်။ အခွန်ကောက်ခံတဲ့ ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေ ကောက်ခံတယ်။ ဆီပီပါတွေဆိုရင် ဆိုပြီး သူတို့အရာရှိတွေကျတော့ KTV သွားတယ်။ မကောင်းတဲ့ မိန်းမတွေနဲ့ ပျော်ပါးတယ်။ သောက်စားတယ်၊ K ရှူတယ်၊ ရာမတွေသုံးတယ်၊ သူတို့တစ်ညတစ်ည သွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လည်းမိန်းကလေးတွေကို အဓမ္မပြုကျင့်တယ်။ ကျွန်မကြုံတွေ့တဲ့ သင်တန်းသူကောင်မလေးကို ညကြီးအချိန်မတော် စကားပြောချင်တယ်ဆိုပြီး ခေါ်ပြီးတော့ကောင်မလေးကို အဓမ္မပြုကျင့်တယ်၊ ကောင်မလေးကိုလည်း ဘာတာဝန်မှမယူဘဲနဲ့ ကောင်မလေးကိုကျ နယ်ကိုပြန်ပို့တယ်။ ကောင်လေးကိုကျတော့လည်း ဘာပြစ်မှုပြစ်ဒဏ်မှမပေးဘဲနဲ့ ဒီအတိုင်းထားတယ်၊ အဲဒါကြောင့်မို့ ကျွန်မတို့လည်း







စာမျက်နှာ ၁၉ သို့ ➜



## စစ်ကိုင်းတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်

**မုံရွာ စက်တင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဘာသာရပ်အလိုက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက်ပိုင်းကလည်း အုန်းတောကျေးရွာရှိ တောင်သူ ဦးအောင်ကျော်လွင်၏ ချည်မျှင်ရှည်ဝါရာကာ ၆၆၆ မျိုးစိုက်ခင်း၊ ဒေသခံတောင်သူများ၏ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်၊ "ထွန်းသီရိ" ဝါစက်ရုံ၊ "KT"ကြက်သားဖောက်လုပ်ငန်းနှင့် စစ်ကိုင်းမြို့ရှိ "ရွှေမင်းဝံ" ပန်းခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

→ **စာမျက်နှာ ၁၈ မှ**

အဲဒီထဲမှာနေရတာ ကျွန်မတို့ ကိုယ်တိုင်မလုံခြုံဘူးလို့ ထင်တယ်။ ကျွန်မတို့ ဘဝကို ဒီထဲမှာနေပြီး အဆုံးရှုံးမခံနိုင်လို့ ကျွန်မတို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မအလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့ကကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့ အဲဒီတပ်မတော်ဘက်ကို အလင်းဝင်လို့ရှိရင် နင်တို့တွေ မိန်းကလေးတွေ ဆိုရင်လည်း အဓမ္မပြုကျင့်မှာ၊ ယောက်ျားလေးတွေဆိုရင်လည်း အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းခေါ်မှာ ဘာညာနဲ့ ကျွန်မတို့ကိုပြောတော့ ကြောက်တော့ရှေ့မှာအလင်းဝင်တဲ့ သူငယ်ချင်းကိုမေးတယ်။ သူငယ်ချင်းအားလုံး အဆင်ပြေလား။ သူငယ်ချင်းက အဆင်ပြေတယ်။ ဘာမှစိတ်မပူနဲ့၊ တပ်မတော်ဘက်ကလည်း နင်တို့ကို နွေးနွေးထွေးထွေးကြိုဆိုနေတယ်။ ကျွန်မတို့လည်း ဒီကရှိတဲ့ တာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီးတော့မှ ကျွန်မတို့ ဒီမှာအလင်းဝင်ခဲ့တယ်။ ကျွန်မတို့ဒီမှာရောက်တော့လည်းအားလုံး နွေးနွေးထွေးထွေးကြိုဆိုတယ်။ ကျွန်မတို့ကိုလည်း အစစအရာရာလုပ်ပေးတယ်။ သူတို့နေသလိုနေရတယ်၊ သူတို့စားသလိုစားရတယ်၊ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကိုပြန်ဝင်လာတာ ကျွန်မတို့ အရမ်းကိုမှန်တယ်။ အဲဒါကြောင့်မို့လို့ ဟိုမှာရှိခဲ့တဲ့ သူငယ်ချင်းညီအစ်ကိုမောင်နှမတွေကိုလည်း အဲဒီထဲမှာနေပြီး ကိုယ့်ဘဝကို အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကိုလာပြီး အလင်းဝင်ပါ။ ကျွန်မတို့က ဒီကနေ အလင်းဝင်ပြီး ပြန်လို့ရှိရင်လည်း ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင်စားပြီးတော့ ကျွန်မတို့လည်း နောက်နောင် ဒီလိုအမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်"ဟုပြောကြားခဲ့ကြောင်းသိရသည်။

(၁၀၀)

## ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး (၂၇) ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်ရန်ကုန် တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ၌ ကျင်းပသည်။

ဖွင့်ပွဲတွင်ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီနာယက ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၂၆၂ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ကျင်းပသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲသို့တက်ရောက် အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ လုပ်ငန်းထူထောင်ကြမည့်လုပ်ငန်းရှင်များကို လုပ်ငန်းသုံးပစ္စည်းများပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဇွဲထက်ကို(ပြန်/ဆက်)**

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ် အသက် ၁၉ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းအား တွေ့ဆုံ



**တောင်ကြီး စက်တင်ဘာ ၁၄**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် လက်ရွေးစင် အမျိုးသမီးဘောလုံး အသင်းအားတွေ့ဆုံပွဲကိုယနေ့နံနက် ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး ပြည်နယ် အမျိုးသမီးဘောလုံးအသင်း အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများအား ပြိုင်ပွဲကုန်ကျစရိတ်ငွေများ ပေးအပ်သည်။


အဆိုပါ ၂၀၂၆ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီးဘောလုံး ပြိုင်ပွဲ အုပ်စု(ဂ)ပွဲစဉ်များကို စက်တင်ဘာလ ၁၆ ရက်မှ ၂၃ ရက်အထိ ပြည်နယ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီနာယကပြည်နယ်ဝန်ကြီး ချုပ်သည် (၂၇)ကြိမ်မြောက် မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်အဆင့် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားသည်။

ထို့အတူ (၂၇)ကြိမ်မြောက်မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာ ဝန်ကြီးနှင့် အတွင်းရေးမှူးတို့က ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြပြီး တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်ရသည့်လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေး တင်ပြမှုများ အပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့်ဥပဒေများကို အသိပညာပေးဟောပြော



**ဟားခါး စက်တင်ဘာ ၁၄**

အမျိုးသမီးများဆိုင်ရာကာကွယ်ပေးထားသည့် အခွင့်အရေး၊ ဥပဒေများနှင့် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင်ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာဝုန်ဆွန်းထန်က အမှာစကား ပြောကြားသည်။

ထို့အတူ ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်နှင်းကေသီဝင်းက အမျိုးသမီးများဆိုင်ရာကာကွယ်ပေးသည့် အခွင့်အရေးများ၊ ဥပဒေများနှင့် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့ကိုကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဆွေးနွေးသည်။

ဆက်လက်၍ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ချင်းပြည်နယ်တရားလွှတ်တော်တရားသူကြီးကို ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## အာရှဒေသရေဖူလုံရေးကိုခြိမ်းခြောက်နေတဲ့ ပြိုကွဲပျက်စီးလာသော ဟိမဝန္တာရေခဲတောင်



**သတင်းမှတ်စု**

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုနှင့် အပူချိန်တစ်ဟုန်ထိုးမြင့်တက်လာမှု၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် ဟိမဝန္တာတောင်တန်းဒေသရှိ ရေခဲတောင်များက သမိုင်းတွင် တစ်ခါမျှ မကြုံဖူးသည့် အမြန်နှုန်းဖြင့် လျင်မြန်စွာအရည်ပျော်လာနေပြီး ရေခဲတောင်ပြိုကွဲပျက်စီးမှုဟုခေါ်ဆိုသည့် သဘာဝသယံဇာတပြုန်းတီးပျက်စီးသည့် အခြေအနေနှင့်ရင်ဆိုင်နေရသည်။ အာရှတိုက်၏ ရေတိုင်ကီကြီးဟုတင်စားကြသည့် ဟိမဝန္တာရေခဲတောင်များ ပျောက်ကွယ်လာခြင်းသည် ယင်းကိုမှီတင်းအားထားနေရသော အာရှဒေသရှိ လူဦးရေ၂ဘီလီယံနီးပါး၏သောက်သုံးရေဖူလုံရေး၊စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းများကိုပါ ခြိမ်းခြောက်လာနေပြီဖြစ်သည်။

တောင်တန်းဒေသများဖွံ့ဖြိုးတိုးတက်ရေးအပြည်ပြည်ဆိုင်ရာဗဟိုဌာနအပါအဝင်နိုင်ငံတကာမှသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သုတေသနအဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များအရ ၂၀ ရာစုအစပိုင်းနှင့် နှိုင်းယှဉ်ပါက ဟိမဝန္တာရေခဲတောင်များပျက်စီးပြုန်းတီးမှုနှုန်းမှာ နှစ်ဆခန့် ပိုမိုမြန်ဆန်လာကြောင်း စိုးရိမ်ဖွယ်တွေ့ရှိရသည်။ ၁၉၉၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ် ၃၀ အတွင်း ဒေသတစ်ခုလုံးရှိ ရေခဲတောင်ဧရိယာ၏ ၁၂ ရာခိုင်နှုန်းခန့်မှာ ပျောက်ကွယ်သွားခဲ့ပြီဖြစ်သည်။ အထူးသဖြင့် တောင်အာရှဒေသ၏ ပင်မသွေးကြောကြီးများဖြစ်သော ဂင်္ဂါ၊ ဗြဟ္မပုတ္တရနှင့် အိန္ဒု မြစ်ဝှမ်းဒေသများရှိ ရေခဲတောင်များသည် ၂၁ ရာခိုင်နှုန်း၊ ၁၆ ရာခိုင်နှုန်းနှင့် ၆ ရာခိုင်နှုန်းအထိ အသီးသီးအရည်ပျော်ကျသွားပြီဖြစ်သည်။

ရေခဲတောင်များ လျင်မြန်စွာအရည်ပျော်ပြိုကျရခြင်း၏ ပင်မတရားခံမှာ ကမ္ဘာ့အပူချိန်မြင့်တက်မှုဖြစ်သကဲ့သို့ ဒေသတွင်းမှ ထွက်ရှိသည့် လေထုညစ်ညမ်းမှုကြောင့်လည်းဖြစ်သည်။ သစ်တောများကို မီးရှို့ခြင်း၊ ထင်း၊ ကောက်ရိုးနှင့် ဒီဇယ်လောင်စာများ လောင်ကျွမ်းခြင်းမှထွက်ရှိလာသော မီးခိုးမှိုင်းများသည် လေထုထဲမှတစ်ဆင့် တောင်ပေါ်ရှိ နှင်းပြင်နှင့် ရေခဲထုများပေါ်တွင် တင်ကျန်ခဲ့သည်။ ထိုမီးခိုးမှိုင်းများသည် နေရောင်ခြည်အပူကို ပိုမိုစုပ်ယူစေသည့်အတွက် ရေခဲတောင်များ အရည်ပျော်သည့်နှုန်းကို ပုံမှန်ထက်ပိုမိုအရှိန်မြှင့်ပေးခြင်းဖြစ်သည်။

ပညာရှင်များတွက်ချက်မှုအရ လက်ရှိအခြေအနေမှာ ရေခဲတောင်များ အလျင်အမြန်အရည်ပျော်ကျမှုကြောင့် မြစ်ရေလျှံခြင်းနှင့် ရေခဲတောင်ရေကန်လျှံကျမှုကဲ့သို့သော ရုတ်တရက် သဘာဝဘေးများကို မကြာခဏဆိုသလိုဖြစ်ပေါ်စေမည်ဖြစ်သည်။ သို့သော် ၂၀၅၀ ပြည့်နှစ်ဝန်းကျင်သို့ရောက်ချိန်တွင် ရေခဲတောင်အရည်ပျော်မှုမှ ဖြစ်ပေါ်လာသောမြစ်ရေစီးဆင်းမှုမှာ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိသွားပြီးနောက် မြစ်ရေစီးဆင်းမှု ပမာဏမှာ ထပ်မံတိုးလာတော့မည်မဟုတ်ပေ။

ရေခဲထုကုန်သွားပါက လာမည့်ဆယ်စုနှစ်များအတွင်း အာရှဒေသအများအပြား၌ အမြဲတမ်းရေရှားပါးမှုပြဿနာနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဂင်္ဂါ၊ ဗြဟ္မပုတ္တရ၊ အိန္ဒု၊ ဧရာဝတီ၊ မဲခေါင်၊ ယန်စီနှင့် မြစ်ဝါမြစ်စသည့် အာရှဒေသ၌အရေးပါသော မြစ်ကြီးများသည် ဟိမဝန္တာရှိရေခဲတောင်များကို အဓိကအမှီပြုကာ စီးဆင်းနေကြရခြင်းဖြစ်သည်။

ရေခဲတောင်များ ပျောက်ကွယ်လာမှုကြောင့် မြစ်ရေစီးဆင်းမှုမှာ ပုံမှန်မဟုတ်တော့ဘဲ စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု အားနည်းသွားခြင်းနှင့် သောက်သုံးရေရရှိနိုင်မှု လျော့ကျခြင်း စသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ထိခိုက်မှုများကို ကွင်းဆက်မပြတ် ရင်ဆိုင်လာရမည်ဖြစ်သည်။ ထို့ပြင် အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်စသည့် နယ်စပ်ဖြတ်ကျော်မြစ်ဝှမ်းဒေသအသီးသီးရှိ နိုင်ငံများကြား ရေသယံဇာတခွဲဝေသုံးစွဲရေးဆိုင်ရာ ပထဝီနိုင်ငံရေးတင်းမာမှုလည်း ပိုမိုမြင့်တက်လာနိုင်သည်။

ခြုံငုံသုံးသပ်ရပါက ဟိမဝန္တာ၏ ရေခဲတောင် ပြိုကွဲပျက်စီးမှုသည် သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုမျှသာမကတော့ဘဲ အာရှတိုက်ရှိ လူဦးရေ၏ လေးပုံတစ်ပုံခန့်ကို တိုက်ရိုက် သက်ရောက်နေသည့် ရေနှင့် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာကပ်ဘေးကြီးဖြစ်သည်။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့နှင့် မီးခိုးမှိုင်းထုတ်လွှတ်မှုများကို အရေးပေါ်လျှော့ချနိုင်ခြင်းမရှိပါက လာမည့်ဆယ်စုနှစ်များတွင် အာရှဒေသ၌ ပြင်းထန်သော ရေရှားပါးမှု၊ စိုက်ပျိုးရေးထိခိုက်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာကြီးများဖြင့် မလွဲမသွေရင်ဆိုင်ရမည့် အန္တရာယ်ရှိနေပါသည်။ **Ref: SCMP**

**ထက်မြတ်**

---



## ခရုခွံများမှတစ်ဆင့် ရှေးခေတ်မုန်တိုင်းလမ်းကြောင်းများကို ဖော်ထုတ်နိုင်

**ဆစ်ဒနီ၊ သီပွဲ**

ခရုများ၏ အခွံပေါ်တွင်ရှိသော အကွက်များသည် သမိုင်းမတင်မီခေတ်ကာလများက ဖြစ်ပွားခဲ့သည့် ပြင်းထန်ရာသီဥတုဖြစ်စဉ်များနှင့် မုန်တိုင်းလမ်းကြောင်းများကို ပြန်လည်ဖော်ထုတ်နိုင်သော ရာသီဥတုမှတ်တမ်းများပါဝင်ကြောင်း လေ့လာမှုအသစ်တစ်ခု၌ ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ ကွင်းစလန်းတက္ကသိုလ်မှ သုတေသီများသည် ကွင်းစလန်းပြည်နယ်မှ ရရှိသော Biggenden Banded ခရုတစ်မျိုး၏ အခွံပေါ်ရှိ အကွက်များကို ရေဒီယိုကာဗွန်စမ်းသပ်မှုနှင့် အောက်ဆီဂျင်-ကာဗွန်အိုင်ဆိုတုပ်နည်းပညာများဖြင့် ဓာတ်ခွဲစမ်းသပ်ခြင်းဖြစ်သည်။ ခရုများ၏အခွံသည် ပုံမှန်အတိုင်း ကြီးထွားခြင်းမဟုတ်ဘဲ ပြင်းထန်သောမိုးရွာသွန်းမှုနှင့် မုန်တိုင်းများ တိုက်ပြီး နောက်ပိုင်းကာလများတွင်မှ အရှိန်အဟုန်ဖြင့် လျင်မြန်စွာကြီးထွားလာကြောင်း တွေ့ရှိရသည်။

ယခုတွေ့ရှိချက်က ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် တိုက်ခိုက်ခဲ့သော မုန်တိုင်းများအပြီး ခရုခွံကြီးထွားမှုနှုန်းများနှင့် တိုက်ရိုက်ဆက်စပ်နေသည်ဟု သုတေသီတစ်ဦးကပြောသည်။ သုတေသီများသည် ခရုခွံများကို စမ်းသပ်ကာ ရှေးဟောင်းရာသီဥတုမှတ်တမ်းများကို ပိုမိုဖော်ထုတ်သွားရန်စီစဉ်လျက်ရှိသည်။

**Ref: Xinhua**

---

## ယူကရိန်းက မာလီရှိအကြမ်းဖက်အဖွဲ့ကို လေ့ကျင့်ပေးနေ

**မော်စကို၊ စစ်ရေး**

အာဖရိကဒေသအနောက်ပိုင်း မာလီနိုင်ငံရှိ အစိုးရတပ်ဖွဲ့များနှင့် ရုရှားတပ်ဖွဲ့များကို တိုက်ခိုက်မှုလုပ်နေသည့်အကြမ်းဖက်အဖွဲ့များကို ယူကရိန်းက စစ်ဘက်ဆိုင်ရာကျွမ်းကျင်သူများကိုစေလွှတ်၍ လေ့ကျင့်ပေးခြင်းနှင့် ကူညီပေးခြင်းများပြုလုပ်နေကြောင်း အမေရိကန်အခြေစိုက်သတင်းဌာနကြီးတစ်ခုကဖော်ပြထားသည်။

ယူကရိန်းမှ ဒရုန်းမောင်းနှင်သူအထူးကျွမ်းကျင် ၁၅ ဦးခန့်သည် မာလီနိုင်ငံမြောက်ပိုင်း၌ လှုပ်ရှားနေသော ခွဲထွက်ရေးအဖွဲ့ဖြစ်သည့် အဇာဝတ်လွတ်မြောက်ရေးတပ်ဦးနှင့်ပူးပေါင်းကာ နည်းဗျူဟာပိုင်းဆိုင်ရာလမ်းညွှန်မှုများ၊ ဒရုန်းနည်းပညာလေ့ကျင့်ပေးမှုများနှင့် အဝေးထိန်းကွပ်ကဲမှုများကို လုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

လက်နက်ကိုင်အဖွဲ့များသည် ယူကရိန်းစစ်ဘက်နည်းပြများ၏ကူညီမှုဖြင့် ယခုနှစ်ဆန်းပိုင်းက မာလီမြောက်ပိုင်းရှိ ကီဒယ်မြို့ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းကလည်း ခွဲထွက်ရေးအဖွဲ့များသည် မာလီအစိုးရတပ်များနှင့် ရုရှား၏ဝက်ဂနာတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရာတွင် ယူကရိန်းထံမှ သတင်းအချက်အလက်ပံ့ပိုးမှုရခဲ့ကြောင်း သိရသည်။

**Ref: RT**

---

## မြောက်ကိုရီးယားက အကြီးစားပူးပေါင်းပစ်ခတ်မှုစွမ်းရည်ကိုပြသ

**ပြုံယမ်း၊ စစ်ရေး**

မြောက်ကိုရီးယားစစ်ဘက်က စက်တင်ဘာလ ၁၄ ရက်တွင် အကြီးစား ပူးပေါင်းပစ်ခတ်မှုစွမ်းရည်ကို ပြသသည့် စစ်ရေးလေ့ကျင့်မှုတစ်ခုကိုအောင်မြင်စွာပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုစစ်ရေးလေ့ကျင့်မှုကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအွန်ကိုယ်တိုင် တက်ရောက်ကြည့်ရှုစစ်ဆေးခဲ့ခြင်းဖြစ်သည်။

လေ့ကျင့်မှုအတွင်း နည်းဗျူဟာမြောက်အမြင့်ပျံနှင့်အနိမ့်ပျံဒုံးကျည်များ၊ အကြီးစားအပူဖိအားပေးအတွဲလိုက် ဒုံးပစ်လောင်ချာများ၊ တိုက်ခိုက်ရေးဒရုန်းအမျိုးမျိုးနှင့် ပူးပေါင်းပစ်ခတ်မှုထိန်းချုပ်ရေးစနစ်များအသုံးပြု၍သတ်မှတ်ထားသော ပစ်မှတ်များကို တိကျစွာပစ်ခတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဗျူဟာမြောက်လက်နက်စနစ်များ၏ ဟန်ချက်ညီပေါင်းစပ်မှုကိုစမ်းသပ်ခဲ့ခြင်းဖြစ်ပြီး ရန်သူ၏



ခြိမ်းခြောက်မှုများကို ချက်ချင်းတုံ့ပြန်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့်အခြေအနေကို သက်သေပြခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က ယခုကဲ့သို့တိုက်ပွဲဝင်စွမ်းရည်မြင့်မားမှုကို ချီးကျူးခဲ့ပြီး အချုပ်အခြာအာဏာကို ကာကွယ်ရန် စစ်ရေးပြင်ဆင်မှုများကို တိုးမြှင့်သွားမည်ဖြစ်ကြောင်း ပြောသည်။

**Ref: Sputnik**

---

## ဟူသီက ဆော်ဒီကိုတိုက်ခိုက်မှုဆက်လုပ်

**ဆာနား၊ စစ်ရေး**

ဟူသီအဖွဲ့က ဆော်ဒီအာရေဗျရှိ စစ်ဘက်ဆိုင်ရာပစ်မှတ်များကို ဒရုန်းနှင့် ဒုံးကျည်အမြောက်အမြားဖြင့် တိုက်ခိုက်မှုများဆက်လက်ပြုလုပ်ကြောင်းသိရသည်။ ဆော်ဒီဘက်က ပြီးခဲ့သော ငါးရက်အတွင်း ယီမင်နိုင်ငံအနှံ့ လေကြောင်းတိုက်ခိုက်မှု အကြိမ် ၃၀၀ ထက်မနည်းပြုလုပ်ခဲ့သောကြောင့် ခါမစ်မူရှာအိတ်ရှိ ကင်းခါလစ်လေတပ်စခန်း မှတိုက်လေယာဉ်ရုံ၊ ရေဒါ၊ ပြေးလမ်းနှင့် ခဲယမ်းဂိုဒေါင်များကို တိုက်ခိုက်ရခြင်းဖြစ်ကြောင်း ဟူသီအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ယာဟီယာစာရီက စက်တင်ဘာလ ၁၄ ရက်တွင် ပြောသည်။

ဟူသီအဖွဲ့သည် ပင်လယ်နီကမ်းရိုးတန်းနှင့်ဘက်အယ်မန်ဒက်ရေလက်ကြားကို ထိန်းချုပ်ထားပြီး ဆော်ဒီအပေါ် ရေကြောင်းပိတ်ဆို့မှုပြုလုပ်ထားသည်။ ဟော်မုရေလက်ကြားမှာလည်း ပိတ်ဆို့မှုကြောင့် သွားလာရခက်ခဲနေသဖြင့် ကမ္ဘာ့ရေနံဈေးနှုန်းများ ထပ်မံမြင့်တက်လာလျက်ရှိကြောင်း သိရသည်။

**Ref: RT**

---

## အီဘိုလာရောဂါဖြစ်သူ ၇၂၀၀ ကျော်ရှိလာ

**ကင်ရှာဆာ၊ ကျန်းမာရေး**

ကွန်ဂိုနိုင်ငံ၌ ပြီးခဲ့သည့်မေလမှစတင်ပြန့်ပွားခဲ့သော အီဘိုလာရောဂါကူးစက်မှုတွင် ရောဂါဖြစ်သူ ၇၂၀၀ ကျော်လွန်သွားပြီဖြစ်ကြောင်းနှင့် ၃၄၇၅ ဦး သေဆုံးထားကြောင်း တာဝန်ရှိသူများက စက်တင်ဘာလ ၁၄ ရက်တွင်ထုတ်ပြန်သည်။

ယခုဖြစ်ပွားမှုသည် အတည်ပြုထားသောကာကွယ်ဆေး သို့မဟုတ် ကုထုံးမရှိသေးသည့် Bundibugyo ဗိုင်းရပ်ကြောင့်ဖြစ်ပြီး ကွန်ဂိုသမိုင်းတွင် အကြီးဆုံးအီဘိုလာကူးစက်မှုဖြစ်လာခဲ့သည်။ ရောဂါကူးစက်မှုသည် ပြည်နယ်ခုနစ်ခုရှိ ကျန်းမာရေးနယ်မြေ ၆၂ ခုသို့ ပျံ့နှံ့နေပြီး အီတူရီပြည်နယ်တွင် အများဆုံးဖြစ်ပွားနေသည်။ လက်ရှိတွင် တစ်ရက်လျှင်ရောဂါကူးစက်ခံရသူအယောက် ၈၀ ဝန်းကျင်အထိရှိနေဆဲဖြစ်ကြောင်းသိရသည်။ **Ref: RT**

MYAWADY IN ENGLISH DAILY EDITION

# Members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition due to their abhorrence of acts of terrorism that cause loss of life and damage to the property and livelihoods of ethnic people, their desire to live and carry out livelihoods peacefully and to pursue education in peace with growing trust in and acceptance of the peace initiatives of the State and the Tatmadaw

NAY PYI TAW September 14

Due to their abhorrence of acts of terrorism that cause loss of life and damage to the property and livelihoods of ethnic people; their desire to live, work and earn a living peacefully and pursue education in peace; the Government's enactment of laws and welcoming of those wishing to return to the legal fold; their desire to reunite with their families and live and work freely under the protection of the law; the arrangements made by the relevant authorities to ensure their security and enable them to live and work freely among the people after entering the legal fold; and their growing understanding of the peace processes of the State and the Tatmadaw, members of so-called PDF groups and ethnic armed groups are entering the legal fold together with their arms and ammunition.

Furthermore, as the Tatmadaw has consistently placed a

SEE PAGE - 22



Officials welcome and present cash award and supplies to members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition.



Officials welcome members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition.





Officials welcome members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition.





Officials view arms and ammunition brought by members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition.





Officials view arms and ammunition brought by members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition.

FROM PAGE - 21

high priority on maintaining the stability and peace of the State, it has achieved successes in counter-terrorism operations, regained full control of areas temporarily controlled by terrorist groups, and fully reopened communication routes. Local ethnic people have heartily supported these developments, and, with their enthusiastic support and trust in the Tatmadaw, have increasingly cooperated and participated in efforts alongside the Tatmadaw. As a result, members of armed terrorist groups have been reporting to nearby military camps and security police outposts and returning to the legal fold.



Officials welcome members of so-called PDF groups and ethnic armed groups return the legal fold together with arms and ammunition.

Members of so-called PDF and ethnic armed groups bringing along with arms and ammunition returning to the legal fold were welcomed at relevant military commands systematically. Officials provide those who return to the legal fold with awareness sessions on relevant provisions of the law and have them sign undertakings. They are also provided with appropriate cash rewards for the arms and ammunition they bring with them, as well as foodstuffs, before being systematically handed over to their parents or guardians.

Those who understand the peace process and genuine attitude of the State and the Tatmadaw have returned to the legal fold since 2021. In this regard, 25 men and one woman, totalling 26 returnd to the legal fold along with 22 assorted arms and accessories in Nay Pyi Taw Command, 134 men and three women, totalling 137 with 44 arms and related equipment in Northern Command, 690 men and 204 women, totalling 894 with 11 assorted arms and accessories in North-East Command, 296 men and 29 women, totalling 325 with 90 guns and accessories in Eastern Command, two men and two women, totalling four with one small arm and related equipment in Eastern Central Command, 13 men with 11 arms and accessories in Triangle Region Command, 149 men and five women, totalling 154 with 48 arms and related accessories in South-East Command, 69 men and 11 women, totalling 80 with 27 assorted arms and related equipment in Coastal Region Command, 170 men and 28 women, totalling 198 with one small arm and related accessories in Yangon Command, 147 men and five women, totalling 152 with 35 arms and accessories in South-West Command, 12 men in Western Command, 532 men and 48 women, totalling 580 with 133 assorted arms and related accessories in North-West Command, 2,645 men and 281 women, totalling 2,926 with 229 arms and related equipment in Central Command, and 152 men and 19 women, totalling 171 with 60 arms and accessories in

SEE PAGE - 23





Arms and ammunition brought by members of so-called PDF groups and ethnic armed groups displayed at the ceremony for returning of PDF and armed group members to the legal fold.

FROM PAGE - 22

Southern Command. So, a total of 5,672 individuals including 5,036 men and 636 women returned to the legal fold bringing along with 692 assorted firearms.

Members of so-called PDF group who have returned to the legal fold had joined PDF terrorist groups and some ethnic armed groups as a result of inducement, financial incentives, threats and coercion employed through various means by the CRPH and NUG, which they themselves had created as part of their political agenda. They reportedly became unable to accept the terrorist acts carried out for the interests of those groups, including threatening, arresting and killing innocent civilians and government employees, as well as planting mines and carrying out explosive attacks to destroy infrastructure, roads and bridges that were not military targets. Although they had taken up arms under the banner of political causes, they came to realize that they themselves had become involved in terrorism. Those members also reportedly faced hierarchical discrimination within those groups, including bullying, abuse and killings among members, sexual violence, harsh living conditions and severe hardship. In addition, their morale declined as they became increasingly unable to withstand the Tatmadaw's offensive operations. They also wished to contribute positively to the State and the people who had suffered losses as a result of their actions, and came to understand the State's peace process. Consequently, they abandoned the armed struggle and returned to the legal fold.

Those who have returned to the legal fold are being welcomed and received, provided with the necessary assistance and support, and systematically handed back to their parents or guardians. There are still individuals wishing to return to the legal fold. Those wishing to return to the legal fold and work together with the Government and the Tatmadaw for the benefit of the State and their respective regions are urged to promptly contact and report to the nearest district or township administrative bodies, military camps or police stations. Those who make such contact and report will be welcomed and provided with the necessary assistance and support. Appropriate cash rewards are also being provided for the arms and ammunition brought in.

The following are some accounts from those who have returned to the legal fold: -



**1.** An individual who joined the PDF in December 2024 detailed his experiences, stating that after completing four months of basic training and four months of special commando training, he served as a squad leader operating alongside the KNU in the Pulaw region. He alleged that PDF personnel faced discrimination, harsh labor, and high-risk assignments, claiming that officers ordered operations remotely while engaging in extortion, toll collection, and purchasing private homes in Thailand. Citing constant fear, hardship, and disillusionment, he stated that he eventually took a company commander's firearm and surrendered to the Tatmadaw, where he reported receiving proper treatment, sustenance, and care, while urging remaining PDF members to surrender and return to the legal fold.



**2.** I served with the Black Tiger group in Myingyan, where I held the position of demolition leader. I began participating in this revolution at the age of 14—that is to say, from 2022 onward. Upon joining, I was required to undergo training. After completing it, I was deployed directly to the front line. There, I served as a mine leader in northern Myingyan. I took part in numerous engagements and was assigned to various locations. Following these deployments, I witnessed considerable exploitation from above. Many of the leaders were involved in the use of marijuana and WY pills. We, however, did not engage in such activities. A great many of them used narcotics. In truth, it was the comrades at the lower levels who remained on the ground, carrying out the work without receiving any benefits. When the military launched offensives, the leaders would flee in their vehicles, abandoning the comrades to their fate. They took all the weapons and fled. I came over to the light because of their cruelty, brutality and oppression. When I did so, the military welcomed me warmly. It was not as they had claimed—that I would be killed or cut down. It was not as they said. I would also like to extend an invitation to the brothers, sisters and comrades who may follow later to come over as well.

**3.** When I first joined the terrorist organization, I was only 15 years old. The reason I joined was that the organization came to our village to recruit and give speeches. They collected recruits under a mandatory "one person per household" policy. They threatened that if a family didn't send someone, they would harm the family and kill our parents, so out of fear, I joined. Once inside the organization, we had to undergo three months of military training. During those three months, there was inadequate medical care. Because of this, some people couldn't bear the hardship and tried to flee. If they were caught escaping, they were beaten, tortured, or killed. Terrified by this, we pushed through and completed the training. After military training, we were assigned to public relations duty. We had to stand guard at checkpoints along the main public roads. They collected extortion money under the guise of taxes. They even demanded half the market value of barrels of oil. Since they charged such high rates, some civilians couldn't afford to pay. For those who couldn't pay, they seized the oil barrels and confiscated their belongings. Some civilians were detained under suspicion. Once detained, they were tortured and beaten—their fingernails and toenails were pulled out, and boiling water was poured over their heads. Although they claimed, "The people are our parents," their actions completely contradicted their words. While they told us comrades that everyone was equal, their officers went to KTVs, indulged with promiscuous women, drank, inhaled ketamine, and used yaba (methamphetamine). Every night they went out, they spent hundreds of thousands. Male comrades also raped female members. From what I personally witnessed, a female trainee was called out late at night under the pretext of needing to talk and was raped. Without taking any responsibility, they merely sent the girl back to the provinces, while the perpetrator faced no punishment what soever. Because of this, we felt unsafe staying there. We couldn't bear to let our lives be ruined in that place, so we fled. After escaping, I tried to defect to the legal fold. They had brainwashed us, saying that if we surrendered to the Tatmadaw, the women would be raped and the men would be conscripted once they turned 18. Terrified, I asked a friend



who had defected earlier if everything was alright. My friend replied that everything was fine, told me not to worry, and said the Tatmadaw was welcoming defectors warmly. We then contacted the responsible captains here and crossed over. When we arrived, everyone welcomed us warmly. They provided everything we needed. We live and eat just as they do. Coming out of the darkness and into the light was absolutely the right choice. Therefore, I urge our friends, brothers, and sisters still over there: do not let your lives be ruined by staying; come and enter the light with the Tatmadaw. Once we return home after defecting, we pledge to live honorably, earn an honest living for our parents, our country, and our people, and never commit such mistakes again.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# South Africa to leverage BRICS membership to boost economy, improve livelihoods: President



JOHANNESBURG September 14

South African President Cyril Ramaphosa said on Monday that the country should leverage its BRICS membership to deepen economic cooperation, expand trade and investment, and deliver tangible benefits to its people.

In his weekly newsletter following the 18th BRICS Summit in New Delhi, India, Ramaphosa said BRICS is an important platform for building political and economic ties that benefit the country and people.

"Through BRICS, we will continue to add our voice to the growing call from the Global South for an inclusive world order rooted in mutual respect and shared prosperity, and we will continue to use our membership of BRICS to develop our economy and improve the lives of our people," he said.

More than one-fifth of South Africa's trade is conducted with other BRICS countries, Ramaphosa said, noting that the country has also benefited from development financing provided by the New Development Bank.

The bank has financed major infrastructure projects in South Africa in areas including energy, water and transport, while the BRICS Contingent Reserve Arrangement gives the country access to a pool of US$-100 billion in currency reserves in the event of a liquidity crisis, he added.

"Through our BRICS membership, we have deepened practical cooperation in fields such as science and technology, research, education and skills development. We have led people-to-people exchange through bodies like the BRICS Youth Council, BRICS Think Tanks Council, the BRICS Network University and others," the President said.

Looking ahead, Ramaphosa said South Africa's priority is to continue to use its BRICS membership to deepen bilateral cooperation and expand trade and investment ties. **Xinhua**

## Iran expands list of vessels subject to potential sanctions - strait authority



TEHRAN September 14

Iran expanded the list of vessels subject to potential restrictive measures in the Strait of Hormuz to 77 on Monday, the Persian Gulf Strait Authority (PGSA) said.

"Vessels violating Iranian protocols in the Strait of Hormuz will face restrictions on future passage, ranging from fines to detention or confiscation," the statement read.

The PGSA warned that any vessel cooperating with the listed ships would also be added to the blacklist.

On February 28, the United States and Israel began striking targets in Iran, to which Iran responded with its own strikes. In mid-June, Iran and the US signed a memorandum to cease hostilities, but shortly thereafter exchanged strikes again. At present, the conflict remains unresolved.

The escalation of the conflict has brought shipping through the Strait of Hormuz, a key route for global trade in oil and liquefied natural gas, to a near-standstill, raising fuel prices around the world. **Sputnik**

## Nepal's flood warning network crippled as key monitoring stations swept away: gov't report

KATHMANDU September 14

Nepal's ability to monitor sudden rises in river levels suffered a major setback after the August 26 flood swept away several hydrological monitoring stations, a government report said.

The report released on Sunday by the Centre for Hydrology and Water Resources Research (CHWRR) under the Water and Energy Commission Secretariat (WECS) said the loss of these stations highlights the extreme nature of the flood and poses challenges for future monitoring in the region.

The report has found that monitoring stations located at Rasuwagadhi and Syaphru Besi in Rasuwa district, Betrawati in Nuwakot and Phurke Khola in Dhading were destroyed or rendered inoperative as the flood moved rapidly through the Bhote Koshi and Trishuli river corridors.

The destruction of the stations meant that water levels could no longer be continuously recorded at several critical points as the flood intensified downstream.

Seven days after the devastating flood, the Nepali authorities installed a flood monitoring system with a CCTV camera at Timure in Rasuwa to provide visual surveillance of river conditions.

According to the report, this is the first time Nepal has initiated a CCTV-based real-time river monitoring system, aimed at strengthening the country's capacity to detect sudden changes in river conditions and issue timely flood warnings. **Xinhua**

## Scotland, Wales, northern Ireland to demand independence vote

LONDON September 14

The first ministers of Scotland, Wales, and Northern Ireland are set to sign a joint declaration on Monday demanding that London grant them the right to hold referendums on regional independence.

The signing is scheduled to take place on Monday during a meeting of representatives from these historically Celtic regions in the Welsh capital of Cardiff.

In a joint press release issued ahead of the summit, the leaders emphasized their intention to discuss strengthening cooperation and promoting "constitutional change" — a term implying either greater autonomy or outright independence.

The leaders will call on the British government to prepare, plan for, and facilitate constitutional change in Wales, Scotland, and Northern Ireland, the first ministers said.

Summit participants will also discuss partnerships in the areas of the economy, energy, and international cooperation, including with European neighbours.

Earlier, the office of the UK Prime Minister announced that he would hold a summit in October with Scotland, Wales, and Northern Ireland amid calls for independence in the autonomous regions.

Following the regional elections in May, pro-independence parties took the helm in all three of Britain's autonomous regions. **Sputnik**




## BMW က iX5 Hydrogen ကားကို စမ်းသပ်မောင်းနှင်နေ

နည်းပညာထိပ်သီး BMW ကုမ္ပဏီဟာ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး iX5 Hydrogen ရှေ့ပြေးပုံစံကားတွေကို လမ်းမတွေပေါ်မှာ စမ်းသပ်မောင်းနှင်နေပြီး အမြောက်အမြား ထုတ်လုပ်သွားနိုင်ဖို့ ပြင်ဆင်နေပါတယ်။ ဒီစမ်းသပ်မှုတွေဟာ ရာသီဥတုအမျိုးမျိုးနဲ့ မတူညီတဲ့ လမ်းကြောင်းအခြေအနေတွေမှာ ကားရဲ့စွမ်းဆောင်ရည်၊ ဟိုက်ဒရိုဂျင် အိတ်ဇောစနစ်နဲ့ ဘက်ထရီနည်းပညာတွေ ပုံမှန်အလုပ်လုပ်နိုင်စွမ်း ရှိ မရှိကို အသေးစိတ်စစ်ဆေးနေတာဖြစ်ပါတယ်။ BMW ဟာ လျှပ်စစ်ကားတွေအပြင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံးနည်းပညာကိုပါ အပြိုင်ဖော်ဆောင်ပြီး ကာဗွန်ကင်းစင်ရေးဦးတည်ချက်ဆီ လျှောက်လှမ်းနေတာပါ။

BMW iX5 Hydrogen မှာ တိုယိုတာကုမ္ပဏီနဲ့ ပူးပေါင်းထုတ်လုပ်ထားတဲ့ ဟိုက်ဒရိုဂျင်စွမ်းအင်နည်းပညာကို အသုံးပြုထားပါတယ်။ ကားရဲ့မော်တာက မြင်းကောင်ရေ ၄၀၁ ကောင်အားအထိ ထုတ်ပေးနိုင်ပြီး ဟိုက်ဒရိုဂျင်တိုင်ကီဖြည့်ရတာ ၃ မိနစ်မှ ၅ မိနစ်ခန့်ပဲ ကြာမြင့်တဲ့အတွက် ပုံမှန်ဓာတ်ဆီ၊ ဒီဇယ်ဖြည့်ရသလို မြန်ဆန်တဲ့ အားသာချက်ရှိပါတယ်။ ဟိုက်ဒရိုဂျင် တစ်ကြိမ်ဖြည့်ရင် ကီလိုမီတာ ၅၀၀ အထိ မောင်းနှင်နိုင်မှာဖြစ်ပါတယ်။ မကြာမီနှစ်များအတွင်း ဈေးကွက်ထဲရောက်လာမယ့် iX5 Hydrogen က လျှပ်စစ်ကားအားသွင်းမှုကြာမြင့်မှုကိုမလိုလားဘဲ ခရီးဝေးမောင်းနှင်လိုသူတွေအတွက် အစားထိုးရွေးချယ်မှုတစ်ခုဖြစ်လာမှာပါ။ **Ref: EA**

**ကိုထက်**

## အသက် ၁၀၀ ကျော်သူတွေရဲ့ သားသမီးတွေ အရွယ်မတိုင်မီသေဆုံးနိုင်ခြေပိုနည်း

အသက် ၁၀၀ ကျော်အထိ အသက်ရှည်သူတွေရဲ့ သားသမီးတွေဟာ သာမန်လူများနဲ့နှိုင်းယှဉ်ရင် အရွယ်မတိုင်မီသေဆုံးနိုင်ခြေ ၄၂ ရာခိုင်နှုန်းအထိ ပိုနည်းပြီး နှလုံးသွေးကြောရောဂါနဲ့ သွေးတိုးရောဂါဖြစ်နိုင်ခြေလည်း လျော့နည်းတယ်လို့ သုတေသနအသစ်တစ်ရပ်က ဖော်ပြလိုက်ပါတယ်။ အမေရိကန်နိုင်ငံမှ သုတေသီတွေပူးပေါင်းလုပ်ဆောင်ခဲ့တဲ့လေ့လာမှုမှာ အသက် ၁၀၀ ကျော်အထိနေထိုင်ခဲ့သူတွေရဲ့ သားသမီး ၂၃၀၆ ဦးနဲ့ အသက်ရှည်တဲ့မိဘမျိုးရိုးမရှိသူ ၂၇၀၃ ဦးတို့ကို လေ့လာခဲ့တာဖြစ်ပါတယ်။

လေ့လာမှုများအရ အသက် ၁၀၀ ကျော်အသက်ရှည်ခဲ့သူတွေရဲ့ သားသမီးတွေမှာ အရွယ်မတိုင်မီသေဆုံးနိုင်ခြေ ၄၂ ရာခိုင်နှုန်း လျော့နည်းခဲ့သလို နှလုံးသွေးကြောဆိုင်ရာရောဂါဖြစ်နိုင်ခြေ ၃၃ ရာခိုင်နှုန်းနဲ့ သွေးတိုးရောဂါဖြစ်နိုင်ခြေ ၃၂ ရာခိုင်နှုန်း လျော့နည်းခဲ့ပါတယ်။

သုတေသီတွေဟာ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှု၊ အစားအသောက်နဲ့ လူမှုစီးပွားရေးအခြေအနေတွေကို ထည့်သွင်းတွက်ချက်ပြီးနောက်မှာတောင် အခုလိုကွာခြားချက်တွေကိုတွေ့ရှိခဲ့တာပါ။ ဒါကြောင့် လူတစ်ဦးအသက်ရှည်ကျန်းမာမှုဟာ မျိုးရိုးဗီဇနဲ့ ဇီဝဗေဒဆိုင်ရာအချက်တွေကလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်နိုင်တယ်လို့ သိရပါတယ်။ **Ref: STD**

**ကိုထက်**




## နေရောင်ခြည်နဲ့ အားပြန်ဖြည့်နိုင်တဲ့ လျှပ်စစ်ထွန်စက်

ဒီဇယ်ဖြည့်စရာမလိုဘဲ နေရောင်ခြည်ကနေ ဘက်ထရီအားပြန်လည်ဖြည့်တင်းနိုင်တဲ့လျှပ်စစ်ထွန်စက်အသစ် Moonrider 27 ကို မကြာသေးမီကမိတ်ဆက်လိုက်ပြီး ဒါဟာ အသေးစားလယ်ယာလုပ်ငန်းတွေအတွက် လောင်စာကုန်ကျစရိတ်လျှော့ချနိုင်မယ့် နည်းလမ်းအသစ်ဖြစ်လာနိုင်ပါတယ်။ အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်အခြေစိုက် GoSun နဲ့ အိန္ဒိယနိုင်ငံက Moonrider တို့ ပူးပေါင်းတီထွင်ထားတဲ့ Moonrider 27 ဟာ မြင်းကောင်ရေ ၂၇ ကောင်အားရှိတဲ့ လျှပ်စစ်ထွန်စက်ဖြစ်ပြီး ခေါင်မိုးပေါ်မှာ ၁ ဒသမ ၁ ကီလိုဝပ်အားရှိတဲ့ ဆိုလာစနစ်တပ်ဆင်ထားပါတယ်။ အဲဒီစနစ်က ထွန်စက်ကိုသုံးနေချိန်မှာ နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားရယူပြီး ၂၄ ကီလိုဝပ်နာရီရှိ လီသီယံဖော့စဖိတ်ဘက်ထရီကို အားပြန်ဖြည့်ပေးနိုင်ပါတယ်။

Moonrider 27 မှာ မြင်းကောင်ရေ ၂၇ ကောင်အားရှိတဲ့ ၂၀ ကီလိုဝပ်လျှပ်စစ်မော်တာနဲ့ လေးဘီးယက်စနစ်ပါပြီး လယ်ယာလုပ်ငန်းသုံးကိရိယာတွေ ချိတ်ဆက်အသုံးပြုနိုင်ဖို့ 540 rpm PTO နဲ့ three-point hitch စနစ်တွေလည်း ထည့်သွင်းထားပါတယ်။ ဈေးနှုန်းကို ၁၉၉၉၅ ဒေါ်လာကနေ စတင်သတ်မှတ်ထားပြီး ဒီဇယ်ထွန်စက်တွေနဲ့ နှိုင်းယှဉ်ရင် လောင်စာဆီနဲ့ ပြုပြင်ထိန်းသိမ်းစရိတ်တွေကိုလျှော့ချနိုင်တာကြောင့် ငါးနှစ်အတွင်း ဒေါ်လာ ၁၅၀၀၀ ဝန်းကျင်အထိ သက်သာနိုင်ပါတယ်။ **Ref: IE**

**ကိုထက်**



## ဂျပန်မှာ စက်ရုပ်တွေအတွက် ပထမဆုံး လူနာတင်ယာဉ်ထွက်ပေါ်



လူတွေကိုဆေးရုံပို့ဖို့မဟုတ်ဘဲ ပျက်စီးသွားတဲ့ လူတူစက်ရုပ်တွေကို အရေးပေါ်ပြုပြင်ပေးဖို့ အသုံးပြုမယ့် ဂျပန်နိုင်ငံရဲ့ ပထမဆုံး စက်ရုပ်လူနာတင်ယာဉ်ထွက်လာပါပြီ။ ဂျပန်နည်းပညာကုမ္ပဏီ GMO Internet Group ရဲ့ GMO Air က မိတ်ဆက်လိုက်တဲ့အဲဒီယာဉ်ကို တိုကျိုမြို့မှာ စတင်အသုံးပြုသွားမှာဖြစ်ပြီး စက်ရုပ်တစ်ရုပ်ပျက်စီးသွားတဲ့အခါ ပြုပြင်ရေးအင်ဂျင်နီယာတွေ၊ လိုအပ်တဲ့ကိရိယာနဲ့ အပိုပစ္စည်းတွေ၊ အစားထိုးအသုံးပြုနိုင်မယ့် လူတူစက်ရုပ်တစ်ရုပ်ကိုပါ ပျက်စီးနေတဲ့နေရာအထိ သယ်ဆောင်လာပေးမှာဖြစ်ပါတယ်။

အင်ဂျင်နီယာတွေက စက်ရုပ်ပျက်စီးမှုကို နေရာမှာစစ်ဆေးပြီး ပြုပြင်နိုင်ရင် ချက်ချင်းပြုပြင်ပေးမှာဖြစ်ပါတယ်။ အဲဒီနေရာမှာ ပြုပြင်လို့မရရင် ပျက်စီးနေတဲ့စက်ရုပ်ကို ပြုပြင်ရေးစခန်းဆီသယ်သွားပြီး အစားထိုးစက်ရုပ်ကို ချန်ထားပေးနိုင်မှာဖြစ်ပါတယ်။

လက်ရှိမှာတော့ GMO Air က ဒီယာဉ်တစ်စီးတည်းနဲ့ စမ်းသပ်ဝန်ဆောင်မှုပေးနေပြီး လိုအပ်ချက်များလာရင် ယာဉ်အရေအတွက်ထပ်တိုးသွားဖို့ စီစဉ်ထားပါတယ်။ ဒီယာဉ်ဟာ ကိုယ်တိုင်အလိုအလျောက်မောင်းနှင်တဲ့ စက်ရုပ်ယာဉ်မဟုတ်ဘဲ လူတွေက မောင်းနှင်ပြီး စက်ရုပ်တွေကို ပြုပြင်တဲ့ဝန်ဆောင်မှုယာဉ်ဖြစ်ပါတယ်။ ဂျပန်မှာ လူပုံစံစက်ရုပ်တွေကို အသုံးပြုလာနိုင်တာနဲ့အမျှ ဒီလိုအရေးပေါ်ပြုပြင်ထိန်းသိမ်းရေးဝန်ဆောင်မှုတွေဟာလည်း အနာဂတ်မှာ လိုအပ်လာနိုင်တယ်လို့ သုံးသပ်ထားပါတယ်။ **Ref: IE**

**ကိုထက်**

## GPS မလိုတဲ့ အမေရိကန်ရဲ့ အမြောက်ပဲ့ထိန်းစနစ်အသစ်



GPS အချက်ပြမှုတွေကို ရန်သူဘက်က နှောင့်ယှက်ပိတ်ဆို့ထားတဲ့ စစ်မြေပြင်အခြေအနေမှာတောင် ၁၅၅ မီလီမီတာ အမြောက်ကျည်တွေရဲ့ တိကျမှုကိုထိန်းသိမ်းပေးနိုင်မယ့် ပဲ့ထိန်းစနစ်သစ်ကို အမေရိကန်တပ်မတော်အတွက်ထုတ်လုပ်နေပါပြီ။

Northrop Grumman က ထုတ်လုပ်မယ့် Precision Guidance Kit (PGK) E5 ဟာ ရှိပြီးသား ၁၅၅ မီလီမီတာ အမြောက်ကျည်တွေမှာတပ်ဆင်အသုံးပြုနိုင်တဲ့ စနစ်ဖြစ်ပြီး GPS အချက်ပြမှု အားနည်းတာ၊ ပိတ်ဆို့ခံရတာတွေကြားမှာပါ အမြောက်ကျည်ရဲ့ တိကျမှုကို ထိန်းသိမ်းနိုင်အောင် Anti-jamming နည်းပညာ ထည့်သွင်းထားပါတယ်။ PGK E5 ကို လက်ရှိအသုံးပြုနေတဲ့ အမြောက်ကျည်တွေရဲ့ထိပ်ဖူးမှာ တပ်ဆင်နိုင်တာကြောင့် အမြောက်စနစ်တွေကို အကြီးစားပြုပြင်ပြောင်းလဲဖို့ မလိုအပ်သလို စစ်သည်တွေကိုလည်း နည်းလမ်းအသစ်အတွက် အထူးလေ့ကျင့်ပေးရမယ့် အခြေအနေ မရှိနိုင်ဘူးလို့ဆိုပါတယ်။

စမ်းသပ်မှုတွေမှာ GPS အချက်ပြမှု အားနည်းတဲ့ အခြေအနေတွေကြားကပင် PGK E5 ဟာ စစ်ဘက်ကသတ်မှတ်ထားတဲ့ တိကျမှုစံနှုန်းတွေထက် ပိုကောင်းတဲ့ရလဒ်ရရှိခဲ့တယ်လို့ Northrop Grumman က ပြောပါတယ်။ လက်ရှိမှာ ထုတ်လုပ်မှုစတင်နေပြီဖြစ်ပြီး ၂၀၂၈ ခုနှစ်အစောပိုင်းမှာ စတင်ပို့ဆောင်ဖို့မျှော်မှန်းထားပါတယ်။ **Ref: IE**

**ကိုထက်**

## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲအုပ်စု(က) ဘားအံဇုန်ပွဲစဉ်များကျင်းပမည်



ဘားအံ စက်တင်ဘာ ၁၄

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (က) ဘားအံဇုန်ပွဲစဉ်များကို ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် ဘားအံမြို့သို့ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများအား ကြိုဆိုပွဲကို ယနေ့ ကျင်းပသည်။

ကြိုဆိုပွဲတွင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဘောလုံးအသင်းများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊သွားလာရေး၊လုံခြုံရေး၊ ကျန်းမာရေးကိစ္စရပ်များကို အစစအရာရာအဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်ပေးထားပြီး ပြည်နယ်၏ သဘာဝအလှတရားများကိုခံစား၍ တိုင်းရင်းသားညီအစ်ကိုများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာနိုင်ရန် လေ့လာရေးခရီးကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကာ ကရင်ပြည်နယ် ဇွဲကပင်မြေတွင် စိတ်ချမ်းမြေ့စွာယှဉ်ပြိုင်ကစားကြစေလိုကြောင်းပြောကြားပြီး အားကစားအသင်းများကို အမှတ်တရလက်ဆောင်များပေးအပ်ကာ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ (ဘားအံဇုန်) အုပ်စုပတ်လည်ပွဲစဉ်များကို ဘားအံမြို့ လှုကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာလ ၁၆ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ စက်တင်ဘာလ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာလ ၁၉ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာလ ၂၀ ရက်တွင် ကယားပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာလ ၂၂ ရက်တွင် ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာလ ၂၃ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ ရှုံးထွက်အဆင့်ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီးရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်ဘုရား၊ လေးကျွန်းမာန်အောင်ဘုရား၊ မရှိခဏဘုရားနှင့်စေတီလုစေတီတို့တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

မန္တလေး စက်တင်ဘာ ၁၄

စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်ဘုရား၊ လေးကျွန်းမာန်အောင်ဘုရား၊ မရှိခဏဘုရားနှင့် စေတီလုစေတီတို့တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရှေးဟောင်းသမိုင်းဝင်ဘုရားများအား ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက် ပြုပြင်သွားရန်၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးပစ္စည်းများကိုသာ အသုံးပြုသွားရန်၊ မိုးရေစိမ့်ဝင်ခြင်း မရှိအောင် ဂရုပြုဆောင်ရွက်သွားရန်နှင့် ငလျင်အပါအဝင်သဘာဝဘေးအန္တရာယ်များပါ ကာကွယ်နိုင်ရန် ထည့်သွင်းစဉ်းစားတွက်ချက်၍ (SOP) လုပ်ထုံးလုပ်နည်းများအတိုင်း အရည်အသွေးပြည့်မီအောင် ပြုပြင်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ်ရှိ ဗားကရာကျောင်း၊ ဆင်ကြိုရွှေကူဘုရားနှင့် မဟာမင်းထင်သစ်သားဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းပိုင်းဆိုင်ရာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ပြည့်မီအောင် ပြုပြင်သွားရန်နှင့် နန်းမြို့ရိုးတစ်လျှောက်တွင် ရေဝပ်ဧရိယာများနှင့် စိုထိုင်းဆဖြစ်နေသော အကြောင်းရင်းများကို စနစ်တကျ Survey ပြုလုပ်၍ ကွင်းဆင်းဆောင်ရွက်သွားရန် မှာကြားသည်။



ယမန်နေ့ကလည်း မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးနန်းမြို့ရိုး၊ သူရဲခို၊ မီးတား၊ ပြအိုးနှင့် ပြာသာဒ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရမည့်(SOP)အတိုင်း အရည်အသွေး

ထို့ပြင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဗဟိုရ်စင်နှင့်စွယ်တော်စင်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် တံခါးနီတံခါးတူးဖော်သုတေသနပြုထားသည့် နေရာတို့ကိုသွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

**မလိုသောမီးများကို ပိတ်ထားခြင်းဖြင့်လျှပ်စစ်ကိုချွေတာပါ။**





## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ "လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု" လူငယ်စကားဝိုင်းကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုကို လက်သင့်မခံသည့် ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကိုတည်ဆောက်နိုင်ရန် လူငယ်ကဏ္ဍဖြောင့်မတ် တည်ကြည်မှု မြှင့်တင်ရန်ရည်ရွယ်၍ **"လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှု"** လူငယ်စကားဝိုင်းများကို ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားလူငယ်များ ဦးဆောင်သည့် စကားဝိုင်းကိုကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကိုအခြေပြုရန် လိုအပ်မှုများနှင့် စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

## ဧရာဝတီတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုပေးပွဲ ကျင်းပ

ပုသိမ် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုပေးပွဲတွင်ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ နှစ်သိမ့်ဆုရရှိသူများနှင့် အကဲဖြတ်ဒိုင်အဖွဲ့များကို ဆုများပေးအပ်ကြသည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၇) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ခရိုင်များမှ ပြိုင်ပွဲဝင် စုစုပေါင်း ၅၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲတွင် ပထမဆု ၉၆ ဆု၊ ဒုတိယဆု ၇၄ ဆု၊ တတိယဆု ၄၁ ဆုနှင့် နှစ်သိမ့်ဆု ၃၄ ဆု၊ ဂုဏ်ပြုဆုတစ်ဆု စုစုပေါင်း ၂၄၆ ဆု ချီးမြှင့်ပေးခဲ့ပြီး ခရိုင်အလိုက်ဆုရရှိမှု အနေဖြင့် ရွှေ၊ ငွေ၊ ကြေး၊ ဂုဏ်ပြုဆုနှင့် နှစ်သိမ့်ဆုအပါအဝင် ပုသိမ်ခရိုင်က ၄၆ ဆု၊ မြောင်းမြခရိုင်က ၅၀ ဆု၊ ဖျာပုံခရိုင်က ၄၁ ဆု၊ မအူပင်ခရိုင်က ၃၄ ဆု၊ ဟင်္သာတခရိုင်က ၃၁ ဆု၊ လပွတ္တာခရိုင်က ၂၁ ဆု၊ ကျုံပျော်ခရိုင်က ကိုးဆုနှင့် မြန်အောင်ခရိုင်က ၁၄ ဆုရရှိခဲ့ကြောင်း သိရသည်။





**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်

လားရှိုး စက်တင်ဘာ ၁၄

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၃ ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနိုင်ရေး ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ ကချင်တိုင်းရင်းသားရိုးရာအကပြိုင်ပွဲနှင့် ဝါသနာရှင် ဒုတိယတန်း အကပြိုင်ပွဲတို့တွင် ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ထူးချွန်ဂုဏ်ပြုဆုများကို လည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ထို့နောက် လားရှိုးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာဌေးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက အခြေခံပညာအဆင့် ကာလပေါ်တေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး အဆိုယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင် ဒုတိယတန်းအကယှဉ်ပြိုင်ခြင်း၊ ဝါသနာရှင်ဒုတိယတန်း အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးနှင့် ခေတ်ဟောင်းတေး/ကာလပေါ်တေး အဆိုယှဉ်ပြိုင်ခြင်း၊ အခြေခံပညာအဆင့် စန္ဒရားအတီး၊ တစ်ပင်တိုင်အက၊ ဒုံမင်းအတီးယှဉ်ပြိုင်ခြင်းနှင့် ဝါသနာရှင် ဒုတိယတန်း ဒုံမင်းအတီးယှဉ်ပြိုင်ခြင်းတို့တွင် ထူးချွန်ဆုရရှိသူများအား ဆုတံဆိပ်နှင့် ထူးချွန်ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပြိုင်ပွဲအသီးသီးတွင် ပထမဆုရရှိသည့် ပြိုင်ပွဲဝင်များက ပြန်လည်ဖျော်ဖြေတင်ဆက်ကြရာ တက်ရောက်လာသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

# မြိတ်မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်၌ အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အထူးအောင်ဆုချီးမြှင့်

မြိတ် စက်တင်ဘာ ၁၄



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် သံဃနာယကအဖွဲ့၏ ဦးဆောင်မှုဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုကော်မတီမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် အကြိမ်(၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ အထူးအောင်ဆုချီးမြှင့်ပွဲကို မြို့ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်၌ စက်တင်ဘာလ ၁၃ ရက်က ကျင်းပသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ညွှန်ကြားမှုဖြင့် မြို့နယ်သံဃနာယကအဖွဲ့မှ ဦးဆောင်ကာ ဗုဒ္ဓဘာသာယဉ်ကျေးမှုကော်မတီမှကြီးမှူး၍ မေလ ၁၈ ရက်မှ ၂၀ ရက်အထိ မြိတ်မြို့နယ်ရှိ စာဖြေဌာနခြောက်ခု၌ စာမေးပွဲကျင်းပခဲ့ကာ စာမေးပွဲအောင်လက်မှတ်နှင့် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အထူးအောင်ဆုများ ချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်။ အဆိုပါစာမေးပွဲတွင် ဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူ ၄၁၀၆ ဦးရှိပြီး ၃၂၀ ဦး အောင်မြင်ခဲ့သည်။

ဆုချီးမြှင့်ပွဲကို သံဃာတော်များနှင့် ဧည့်ပရိသတ်များက နမောတဿ ဗုဒ္ဓပဏာမဖြင့် စတင်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇေယျာဝံသကျောင်းဆရာတော် ဘဒ္ဒန္တ ဓမ္မာလင်္ကာရထံမှ သီလခံယူဆောက်တည်ကြပြီး ဩဝါဒများနာယူကြသည်။

ထို့နောက် သုံးဘာသာ အထူးအောင်ဆုများ၊ ယဉ်ကျေးမှုကျင့်ဝတ်ဘာသာ အထူးအောင်ဆုများ၊ မြန်မာစာဘာသာအထူးအောင်ဆုများ၊ အခြေခံအဘိဓမ္မာဘာသာ အထူးအောင်ဆုများကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အဖွဲ့ဝင်ဆရာတော်များက ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ စာဖြေဌာနအလိုက် အောင်လက်မှတ်များနှင့် ဆရာဆုများကို စေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးစံရည်က တာဝန်ရှိသူများထံ ပေးအပ်သည်။ ယင်းနောက် စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်

ရပ်စောက် စက်တင်ဘာ ၁၄


ရှမ်းပြည်နယ် ( တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နားကျင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ရာသီမရွေး ဖူလုံစွာရရှိစေရန် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းအောင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် နားကျင်းကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် ၁ မိုင်ရှိ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် အလျား ၁၅ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၆ ပေရှိ ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရေရရှိရေးလုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်ခွင့်ပြုငွေ ငွေကျပ်သိန်း ၄၄၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် တင်ဒါအောင်မြင်သည့် ရန်ကင်းစတားကုမ္ပဏီက ယခုနှစ် ဩဂုတ်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)




# ဘုတ်ပြင်းမြို့၌ အခမ်းအနားမှူးသင်တန်းဆင်းပွဲကျင်းပ

ဘုတ်ပြင်း စက်တင်ဘာ ၁၄



တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကြီးမှူး၍ အခမ်းအနားမှူးသင်တန်းဆင်းပွဲကို စက်တင်ဘာလ ၁၃ ရက်က ဘုတ်ပြင်းမြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘုတ်ပြင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းကိုက အခမ်းအနားများကို စနစ်တကျနှင့် ချောမွေ့စွာဦးဆောင်နိုင်စေရန်၊ ပြောဆိုဆက်ဆံရေး၊ အသံနေအသံထားနှင့် တင်ဆက်မှုစွမ်းရည်များတိုးတက်စေရန်၊ စကားအသုံးအနှုန်းနှင့် အစီအစဉ်တင်ဆက်ပုံများကျွမ်းကျင်စေရန်နှင့် အခမ်းအနားမှူးကောင်းများ ဖြစ်လာစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ဘုတ်ပြင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းနည်းပြများက Master of Ceremony (M.C) တစ်ဦးတွင်ရှိရမည့် အဓိကအရည်အချင်းများ၊ M.C ရပ်ပိုင်းဆိုင်ရာများ၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှု၊ အခမ်းအနားမှူးများ၏ ဆောင်ရန်၊ ရှောင်ရန်များ၊ အသံပိုင်းဆိုင်ရာများနှင့် အခမ်းအနားမှူးလက်စွဲပါ အချက်အလက်များကို စက်တင်ဘာလ ၁၁ ရက်မှ ၁၃ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်( ပြန်/ဆက်)

## Women's South American ပြိုင်ပွဲတွင် ချန်ပီယံဆုရ ဘရာဇီးအမျိုးသမီးအသင်း အိုလံပစ်ဝင်ခွင့်ရရှိ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၄

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပခဲ့သည့် 2026 Women's South American အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် အိမ်ရှင်ဘရာဇီး အမျိုးသမီးဘော်လီဘောအသင်းအနေဖြင့် လာမည့် ၂၀၂၈ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ကျင်းပမည့် ၂၀၂၈ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲကိုဝင်ခွင့် ရရှိခဲ့သည်။

၂၀၂၈ အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဝင်ခွင့်သတ်မှတ်ချက်အရ 2026 CVS Women's South American အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးနိုင်သည့်အသင်းအနေဖြင့် တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည့်အတွက် ဘရာဇီးအမျိုးသမီးအသင်းက တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါအမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဘရာဇီးအမျိုးသမီးအသင်းနှင့် အာဂျင်တီးနားအမျိုးသမီးအသင်းတို့သည် စက်တင်ဘာလ ၁၃ ရက်က ကစားခဲ့ရာ ဘရာဇီးအမျိုးသမီးအသင်းက ပထမပွဲငယ်တွင် ၂၆ မှတ်-၂၄ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပွဲငယ်တွင် ၂၅ မှတ် - ၁၉ မှတ်ဖြင့်လည်းကောင်း၊ တတိယပွဲငယ်တွင် ၂၅ မှတ် - ၁၆ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Volleyball World*




## 2026 Spanish Grand Prix ပြိုင်ပွဲတွင် အီတလီပြိုင်ကားမောင်းသမား အန်တိုနယ်လီ ချန်ပီယံဆုဆွတ်ခူး

ဝါရှင်တန် စက်တင်ဘာ ၁၄

ဖော်မြူလာဝမ်းပြိုင်ပွဲ ကားပြိုင်ပွဲတစ်ခုဖြစ်သည့် 2026 Spanish Grand Prix ပြိုင်ပွဲတွင် အီတလီပြိုင်ကားမောင်းသမား အန်တိုနယ်လီ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

2026 Spanish Grand Prix ပြိုင်ပွဲသည် ဖော်မြူလာဝမ်းပြိုင်ပွဲဖြစ်သည်နှင့်အညီ Championship အဆင့်သတ်မှတ်ချက်အတွက် အကျုံးဝင်သည့်အတွက် ထိပ်တန်းပြိုင်ပွဲဝင်ကစားသမားအများစု ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ အန်တိုနယ်လီ၏နောက်တွင် နယ်သာလန်ပြိုင်ကားမောင်းသမား ဗန်ဗက်စ်တစ်ဘန်က ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့ပြီး ဗြိတိန်ပြိုင်ကားမောင်းသမား နော့ရစ်က တတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

အန်တိုနယ်လီသည် စက်တင်ဘာလ ၇ ရက်က အီတလီနိုင်ငံ မွန်ဇာမြို့၌ ကျင်းပခဲ့သည့် ဖော်မြူလာဝမ်းအဆင့် ပြိုင်ပွဲဖြစ်သည့် 2026 Italian Grand Prix(Monza) တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး ယခုအခါတွင်လည်း 2026 Spanish Grand Prix ပြိုင်ပွဲတွင်ပါ ထပ်မံပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။ လက်ရှိတွင် အန်တိုနယ်လီသည် Championship အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၂၈၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း သိရသည်။




*Ref:Eurosports*

## ရီးယဲလ်မက်ဒရစ်အသင်းက ၂၀၂၈ ခုနှစ်အထိ ကော့တွိုက်အား သက်တမ်းတိုးစာချုပ်ချုပ်ဆို

မက်ဒရစ် စက်တင်ဘာ ၁၄

ရီးယဲလ်မက်ဒရစ်အသင်းက အသင်းမှ အဓိကဂိုးသမား ကော့တွိုက်အား ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့်ကော့တွိုက်တို့ လာမည့် ၂၀၂၇ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်ရှိသည့်အတွက် ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက် ၃၄ နှစ်အရွယ်ကော့တွိုက်သည် ၂၀၁၈ ခုနှစ်က ချယ်လ်ဆီးအသင်းမှရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ဘောလုံးရာသီတိုင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့ပြီး လက်ရှိ ဥရောပထိပ်တန်းလိဂ်ငါးခုတွင် အကောင်းဆုံးဂိုးသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ကော့တွိုက်သည် နောက်ပိုင်းနှစ်များတွင် ရီးယဲလ်မက်ဒရစ်အသင်း ဆုဖလားများဆွတ်ခူးနိုင်ခဲ့ပြီး အောင်မြင်မှုများရယူနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းကလည်း အသင်းမှ အဓိကဂိုးသမားတစ်ဦးကို လက်မလွှတ်လိုသည့်အတွက် စာချုပ်ပါအချက်အလက်များအရ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

*Ref;Topskillsports UK*

## ဟာလန်း၏သွင်းဂိုးမှာ VAR စနစ်၏ မှားယွင်းသည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း Pro Ref အဖွဲ့ကဖွင့်ဟပြီး မန်ယူအသင်းထံ တောင်းပန်စာပေးပို့

မန်ချက်စတာ စက်တင်ဘာ ၁၄

မန်ချက်စတာဒါဘီပွဲစဉ်အဖြစ်ကစားသည့် မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းမှဟာလန်း၏ သွင်းဂိုးနှင့်ပတ်သက်ပြီး VAR စနစ်၏မှားယွင်းသည့်ဆုံးဖြတ်ချက်ဖြစ်ကြောင်း Pro Ref အဖွဲ့ကဝန်ခံပြီး မန်ယူအသင်းထံ တောင်းပန်စာပေးပို့ခဲ့သည်။

Professional Game Referees(Pro Ref)အဖွဲ့အစည်းသည် အင်္ဂလန်ဘောလုံးလောကတွင် ဒိုင်လူကြီးများ၏စီမံခန့်ခွဲမှုများအပြင် VAR စနစ်၏ စီမံခန့်ခွဲမှုများကို ကြီးကြပ်နေသည့်အဖွဲ့အစည်းဖြစ်ပြီး ကွင်းလယ်ဒိုင်၊ VAR စနစ်များ၏ ဆုံးဖြတ်ချက်များအပေါ် သုံးသပ်မှုများလုပ်ဆောင်နေသည့် အဖွဲ့အစည်းဖြစ်သည်။



မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ပွဲစဉ်တွင် ပွဲချိန် မိနစ် ၆၀ တွင် ဟာလန်းက မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူခဲ့ပြီး ဂိုးသွင်းယူချိန်တွင် ဟာလန်းအနေဖြင့် လူကျွံအနေအထားတွင်ရှိနေရာ စည်းကြပ်ဒိုင်က လူကျွံဘောသတ်မှတ်ခဲ့သော်လည်း ကွင်းလယ်ဒိုင် မိုက်ကယ်အိုလီဗာက VAR ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းပြီးနောက် ဂိုးအဖြစ်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်တွင် ဟာလန်းအနေဖြင့် သိသိသာသာလူကျွံအနေအထားတွင် ရှိနေသော်လည်း VAR က မန်ယူအသင်းမှ ဒူကူ၏ခြေဖျားနှင့်တိုင်းတာပြီး လူကျွံဘောမဟုတ်ကြောင်း သတ်မှတ်ပြီး ဂိုးအဖြစ်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

သို့သော် အဆိုပါပွဲစဉ်အပြီးတွင် ပြန်လည်စစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် Pro Ref အဖွဲ့က ဟာလန်းအနေဖြင့် လူကျွံအနေအထားမှ ဂိုးသွင်းယူခဲ့ခြင်းဖြစ်ပြီး VAR ၏ မှားယွင်းသည့်ဆုံးဖြတ်ချက်ဖြစ်သည်ဟု တရားဝင်သတင်းထုတ်ပြန်ပြီးနောက် မန်ယူအသင်းထံ တောင်းပန်စာပေးပို့ခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

Pro Ref အဖွဲ့၏စနစ်အရ ကွင်းလယ်ဒိုင်၊ VAR စနစ်တို့၏ အဆုံးအဖြတ်အမှားအတွက် သတင်းထုတ်ပြန်ခြင်းသာဖြစ်ပြီး ပွဲစဉ်ရလဒ်ကို ပြောင်းလဲခြင်းမရှိသည့်အတွက် မန်စီးတီးအသင်းက မန်ယူကို ၁ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်းသိရသည်။

*Ref;Fabrizio Romano*

## ဂိုးသမားမန်ဒီ ဆီနီဂေါလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်းကြေညာ

ဒါကာ စက်တင်ဘာ ၁၄

ဆီနီဂေါလက်ရွေးစင်အသင်း ဂိုးသမားမန်ဒီက လက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၄ နှစ်အရွယ် မန်ဒီသည် ဆီနီဂေါအသင်းနှင့်အတူ ၂၀၁၉ ခုနှစ်မှ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ပါဝင်ကစားခဲ့သူဖြစ်သည်။

မန်ဒီသည် ၂၀၂၂ အာဖရိကဖလားပြိုင်ပွဲတွင် ဆီနီဂေါအသင်း ပထမဆုံးအကြိမ် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဂိုးသမားမန်ဒီသည် ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲတွင်လည်း အသင်းနှင့်အတူ အောင်မြင်မှုများရယူနိုင်ခဲ့ကာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အဓိကဂိုးသမားအဖြစ် ပါဝင်နိုင်ခဲ့သည်။

မန်ဒီသည် ဆီနီဂေါအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၉ ပွဲပါဝင်ကစားခဲ့သူဖြစ်ပြီး ၂၀၂၂ ခုနှစ်က ဆီနီဂေါအသင်းနှင့်အတူ အောင်မြင်မှုများ ရယူနိုင်ခဲ့သကဲ့သို့ ချယ်လ်ဆီးအသင်းနှင့်ပါ အောင်မြင်မှုများရယူနိုင်ခဲ့သည့်အတွက် ကမ္ဘာ့အကောင်းဆုံးဂိုးသမားဆု ဆန်ခါတင်စာရင်းတွင် ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

*Ref;Topskillsports UK*

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
# ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
# ကြော်ငြာစာအမှတ်(၁/၂၀၂၆)
# (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

- (က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- (ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)
- (ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသား မိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။
- (ခ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။
- (ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
- (ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (င) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

- (က) မြဝတီသတင်းစာတိုက်(နေပြည်တော်)
- (ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)
- (ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

# ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅)မှ တာဝန်ယူဆောင်ရွက်မည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရတနာသိင်္ခတံတား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါ ဒုတိယအကြိမ် ခေါ်ယူခြင်းအစီအစဉ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၅)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်သော မန္တလေးတိုင်းဒေသကြီးအတွင်း ရွှေဘို(မင်းကျောင်း)-စဉ့်ကူးလမ်းပေါ်ရှိ ဧရာဝတီမြစ်ကူး ရတနာသိင်္ခတံတား(၂၄၈၀ ပေ)ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ကျပ်သန်း(၂၀၀)အထက်နှင့်အောက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း/သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်ယန္တရားများငှားရမ်းခြင်း အိတ်ဖွင့်တင်ဒါအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူ/ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **အိတ်ဖွင့်တင်ဒါအမှတ်စဉ်** | - | (၂/၂၀၂၆-၂၀၂၇) |
| ၁။ တင်ဒါပုံစံရောင်းချမည့်နေရာ | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)<br>ရတနာသိင်္ခတံတားလုပ်ငန်းခွင်(ရှင်းလင်းဆောင်)ရုံး<br>စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းခရိုင်၊ မန္တလေးတိုင်း။ |
| ၂။ တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - | ၁၆-၉-၂၀၂၆ ရက်နေ့(ရုံးချိန်အတွင်း) |
| ၃။ လျှောက်လွှာပုံစံ အရောင်းပိတ်မည့်ရက်/အချိန် | - | ၉-၁၀-၂၀၂၆ ရက်နေ့၊ (ညနေ ၄:၃၀) |
| ၄။ တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၁၃-၁၀-၂၀၂၆ ရက်နေ့၊ (နံနက် ၉:၃၀) |
| ၅။ တင်ဒါတင်သွင်း/စိစစ်/ရွေးချယ်မည့်နေရာ | - | ရတနာသိင်္ခတံတား(ရှင်းလင်းဆောင်)<br>စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းခရိုင်၊ မန္တလေးတိုင်း။ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၅)မှ ၀၉-၄၀၂၅၂၆၅၆၃၊ ၀၉-၆၉၉၅၉၉၈၄၀ ဖုန်းနံပါတ်များသို့ မေးမြန်းစုံစမ်းနိုင်ပြီး လျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၅)**

**ဖခင်အမည်မှန်**
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(၁၉)ကျောင်း၊ Grade-4 အတန်းမှ မောင်ညီသုတ၏ဖခင်အမည်မှန်မှာ ဦးဆန်းပြည့်အောင် ၉/လဝန(နိုင်)၁၉၀၇၈၇ ဖြစ်ပါကြောင်း။
**ဦးဆန်းပြည့်အောင်**

**မိခင်အမည်မှန်**
နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အ.ထ.က(၁၉)ကျောင်း၊ Grade-1 အတန်းမှ မမေပြုံးပန်းချီ၏မိခင်အမည်မှန်မှာ ဒေါ်ယဉ်မင်းငွေ ၉/မထလ(နိုင်)၂၅၁၂၉၅ ဖြစ်ပါကြောင်း။
**ဦးယဉ်မင်းငွေ**

**အစုရှယ်ယာမတည်ရင်းနှီးမြှုပ်နှံငွေ လျှော့ချခြင်း**
PARAMOUNT GROCERIES TRADING COMPANY LIMITED ၏ ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ Share Amount (100,000,000)ကျပ်မှ (5,000,000)ကျပ်သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ZAW KO KO SAN**
**MANAGING DIRECTOR**
**PARAMOUNT GROCERIES TRADING COMPANY LIMITED**

**မိဘအမည်မှန်**
တောင်ကြီးမြို့၊ အ.ထ.က(၆)Grade-6 မှ ခွန်ထွန်းခိုင်နှင့် Grade-11 မှ နန်းခင်စုဝေ တို့၏မိဘအမည်မှန်မှာ ဦးမောင်သန်းနှင့် ဒေါ်မခမ်းဖြစ်ပါကြောင်း။
**ဦးမောင်သန်း-ဒေါ်မခမ်း**

**အမည်ပြောင်း**
နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က(၅) Grade-6 မှပညာသင်ကြားနေသော ဦးဟိန်းရာဇာစိုး ၈/ငဖန(နိုင်)၀၂၃၀၅၄ ၏သား မောင်ဘုန်းပြည့်ဟိန်း အား မောင်ဘုန်းတေဇဟိန်းဟုပြောင်းလဲခေါ်ဆိုပါရန်။
**မောင်ဘုန်းတေဇဟိန်း**

**ဖခင်အမည်မှန်**
မော်လမြိုင်မြို့၊ ဇေယျာသီရိ အ.မ.က(၅) Grade-2 မှ မနွယ်နီအောင်၏ဖခင်အမည်မှန်မှာ ဦးထွန်းအောင် ၁၀/မလမ(နိုင်)၃၀၉၈၉၈ ဖြစ်ပါကြောင်း။
**ဦးထွန်းအောင်**

**ပျောက်ဆုံးကြောင်း**
ဦးရဲမင်းလတ်(ဘ)ဦးအေးလေး ၉/ခမစ(နိုင်)၀၆၅၃၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၀၀၀၀၆၃၆**

**ပျောက်ဆုံးကြောင်း**
သန်းသန်းဦး(ဘ)ဦးလှအောင် ၁၂/မဘန(နိုင်)၀၁၆၁၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၉၈၁၂၅၆၈**

**ပျောက်ဆုံးကြောင်း**
အောင်ကိုဟိန်း(ဘ)ဦးထွန်းမြင့် ၁၂/ဥကမ(နိုင်)၂၃၈၄၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၈၈၃၀၄၆၆**

**ပျောက်ဆုံးကြောင်း**
ဟန်မြင့်ကျော်(ဘ)စိုင်းစိုးနွယ် ၁၃/ကမန(နိုင်)၁၃၁၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၆၇၆၀၆၃၃**

**ပျောက်ဆုံးကြောင်း**
အိအိဖြိုး(ဘ)ဦးတင်ဆွေထွန်း ၇/နတလ(နိုင်)၁၅၈၄၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၈၉၆၃၂၆၉**

**ပျောက်ဆုံးကြောင်း**
ကျော်ဇေထွန်း(ဘ)ဦးသန်းရွှေ၁၂/ခရန(နိုင်)၁၁၈၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၀၇၉၆၀၆၄**

**ပျောက်ဆုံးကြောင်း**
နော်အယ်ကထရာဝါး(ဘ)စောဝါးဝါး ၁၄/မမန(နိုင်)၃၃၈၇၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၈၄၄၄၂၅၈**

**ပျောက်ဆုံးကြောင်း**
နွဲ့နွဲ့မူ(ဘ)ဦးတင်ငွေ ၇/ကတခ(နိုင်)၁၇၈၄၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ဇေယျာဦး(ဘ)ဦးသိန်းဦး ၁၂/ဒပန(နိုင်)၀၆၁၁၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၃၄၁၂၆၀၉**

**ပျောက်ဆုံးကြောင်း**
ထွန်းလင်းသိန်း(ဘ)ဦးအောင်သိန်း ၁၂/ဗဟန(နိုင်)၀၂၄၇၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၈၁၈၉၁၆၁**

**ပျောက်ဆုံးကြောင်း**
နီနီစု(ဘ)ဦးဖုန်းမြင့်နိုင် ၁၄/ညတန(နိုင်)၁၈၉၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
သာပေါင်းမြို့၊ အုပ်ရစ်အုပ်စု၊ ပန်းပင်ဆိပ်ရွာနေ စောဘလက်မွန်း(ဘ) ဦးအီစက် ၁၄/သပန(နိုင်)၁၄၈၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၆၁၂၈၆၀၂**

**ပျောက်ဆုံးကြောင်း**
သက်မွန်စိုး(ဘ)ဦးစိုးအောင် ၉/မကန(နိုင်)၁၆၉၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၄၉၀၂၆၀၇**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးရွာ၊ အထက ကျွန်းကလေး၊ Grade-12(B) မှ မောင်ဘီးခိုင်ဆဲ၏ဖခင်အမည်မှန်မှာ ဦးဘီးဇာချီ ၄/မတပ(နိုင်)၀၂၆၈၁၄ ဖြစ်ပါကြောင်း။
**ဦးဘီးဇာချီ**

**ပျောက်ဆုံးကြောင်း**
မင်းခန့်ဇော်(ဘ)ဦးမျိုးဇော် ၈/နမန(နိုင်)၂၁၃၆၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၅၀၉၅၈၇၁**

**ပျောက်ဆုံးကြောင်း**
ဝေဖြိုးအောင်(ဘ)ဦးခင်သိန်း ၇/ကတခ(နိုင်)၂၀၉၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
ကြူကြူမိုး(ဘ)ဦးဉာဏ်တင် ၁၃/နခန(နိုင်)၀၇၆၃၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၃၇၇၁၉**

**ပျောက်ဆုံးကြောင်း**
ပြည့်ဖြိုးအောင်(ဘ)ဦးဇော်နိုင် ၇/ညလပ(နိုင်)၁၆၈၀၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 324029)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ သီးကုန်းကျေးရွာနေ မောင်အောင်ဟိန်း(ဘ)ဦးတင်စိုး ၉/တသန(နိုင်)၂၃၅၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 200641)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၀၇၂၈၇၀၀**

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဟင်္သာကုန်းရပ်ကွက်နေ မောင်မိုးဇော်အောင်(ဘ)ဦးကျော်ဝင်း ၇/ပခန(နိုင်)၃၃၁၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 483123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၅၉၉၇၃၁၈**

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၄လမ်း(လယ်)၊ အမှတ်-၁၂၄ နေ ဒေါ်အိဖြူဖြူ(ဘ)ဦးကျော်စိန် ၁၂/ကတတ(နိုင်)၀၁၅၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၈၅၈၀၂**


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား
စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
DOUBLE ELEPHANT PORTLAND CEMENT
PRODUCT OF MYANMAR OPC-EN 197-1:2000 CEM-I 42.5N
BLUE DIAMOND CEMENT
PORTLAND CEMENT
50 Kg
မြင်းပျံ
PORTLAND CEMENT
BS 12 : 1996 , 42.5 N
PRODUCT OF MYANMAR
SINCE 1986
ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊
၀၉ - ၇၇၇ ၀၀၄ ၀၉၇
ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ နှင့် MOUNT PLEASANT COFFEE
PYIN OO LWIN Nan Myaing 2+1 coffee
PYIN OO LWIN NAN MYAING
2 plus 1
Drip Coffee
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။




## သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)အား စက်ရုံ လည်ပတ်မှုနည်းစဉ်တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေ

နေပြည်တော် စက်တင်ဘာ ၁၄

သန်လျင်ရေနံချက်စက်ရုံစီမံကိန်းအပိုင်း(၁)အား စက်ရုံလည်ပတ်မှုနည်းစဉ်တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေမှုကို ယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ ■

## ရှမ်းယူနိုက်တက်အသင်း လာအိုကလပ် အီဇရာအသင်းကို အနိုင်ယူပြီး ASEAN Club Championship Shopee Cup ခြေစစ်ပွဲအောင်မြင်

ရန်ကုန် စက်တင်ဘာ ၁၄

ရှမ်းယူနိုက်တက်အသင်းသည် လာအိုကလပ် အီဇရာအသင်းကို ခက်ခက်ခဲခဲအနိုင်ယူပြီး ASEAN Club Championship Shopee Cup ၂၀၂၆-၂၀၂၇ ရာသီ ခြေစစ်ပွဲအောင်မြင်သွားပြီဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် အီဇရာအသင်းကို ၂ ဂိုး- ၃ ဂိုးဖြင့် ရှုံးနိမ့်ထား၍ ယနေ့ဒုတိယအကျော့တွင် နှစ်ဂိုးပြတ်အနည်းဆုံးသွင်းယူနိုင်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်၍ ပထမပိုင်းပွဲစကတည်းက တိုက်စစ်ဆင်

စာမျက်နှာ ၆ ကော်လံ ၁ ●



## တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန်ပွဲစဉ်များကျင်းပမည်

စာ - ၂၆ သို့

## အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲတွင် မြန်မာအသင်း တောင်ကိုရီးယားအသင်းကို အရေးနိမ့်

ရန်ကုန် စက်တင်ဘာ ၁၄

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၂၆ အာရှအားကစားပြိုင်ပွဲ(Asian Games 2026) အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(F) ပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းသည် အာရှထိပ်သီးတောင်ကိုရီးယားအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ

စာမျက်နှာ ၉ ကော်လံ ၁ ○



## တာချီလိတ်မြို့တွင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၆ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိ



သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၄

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူ့ညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို အလုံးစုံ ပပျောက်ကင်းရှင်းစေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တားဆီးနှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိရနိုင်သမျှသော စွမ်းအားစု၊

စာမျက်နှာ ၁၀ ကော်လံ ၁ ➤

နိုင်ငံတကာရေးရာ

**အာရှဒေသရေဖူလုံရေးကို ခြိမ်းခြောက်နေတဲ့ ပြိုကွဲပျက်စီးလာသော ဟိမဝန္တာရေခဲတောင်**

စာ - ၂၀ သို့

**ခရုခွံများမှတစ်ဆင့် ရှေးခေတ်မုန်တိုင်းလမ်းကြောင်းများကို ဖော်ထုတ်နိုင်**

စာ - ၂၀ သို့

## စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံ ဧက ၃၁၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

စစ်ကိုင်း စက်တင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာသီးနှံ ၃၁၃၃၈ ဧကစိုက်ပျိုးရန်လျာထားပြီး လျာထားဧကပြည့်မီအောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်

စာမျက်နှာ ၉ ကော်လံ ၂ ❐



**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

၁၄-၉-၂၀၂၆

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ပေါင် | ၁ | ဒသမ | ၀၂ | လက်မ | မန္တလေး | ၀ | ဒသမ | ၁၆ | လက်မ |
| ချောင်းဆုံ | ၀ | ဒသမ | ၈၆ | လက်မ | သာစည် | ၀ | ဒသမ | ၁၆ | လက်မ |
| ထားဝယ် | ၀ | ဒသမ | ၅၂ | လက်မ | (လှိုင်းတက်) | | | | |
| ကြာအင်းဆိပ်ကြီး | ၀ | ဒသမ | ၅၂ | လက်မ | ရန်ကုန် | ၀ | ဒသမ | ၀၈ | လက်မ |
| ကော့ကရိတ် | ၀ | ဒသမ | ၂၀ | လက်မ | (ကမ္ဘာအေး) | | | | |